ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 20 April 2021 ၁၀၃၄၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားစဉ်။

နှစ်ဟောင်းမှ နှစ်သစ်ကိုကူးပြောင်းတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန် ကာလဟာ မြန်မာနိုင်ငံသားတို့ရဲ့ ရိုးရာဓလေ့ပွဲတော်များအနက် ထူးခြားလေးနက်မှုရှိတဲ့ ပွဲတော်တစ်ရပ်ပဲဖြစ်ပါတယ်။

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ မင်္ဂလာရှိတဲ့ နေ့ရက်များကို ပိုင်ဆိုင်နိုင်ကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ COVID-19 ကပ်ရောဂါဘေးကြီးကလည်း ကျော်လွှားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုရင် COVID-19 ကပ်ရောဂါဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့တဲ့ ကြီးမားတဲ့ မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်အာဏာကို အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်ပေးအပ်လာတဲ့အတွက် တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရပြီး ပုံမှန်ကာလမဟုတ်တဲ့ အခြေအနေကို ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ရဲ့ တာဝန်ကိုထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်သူတွေရဲ့ ဆန္ဒနှစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း မိဘပြည်သူများရဲ့ ဆန္ဒများပြည့်ဝစေရေးအတွက် အစွမ်းကုန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်ရာမှာ အစိုးရအဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ မဏ္ဍိုင်များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါမယ်။ အရေးကြီးဆုံးကတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး ညင်သာတဲ့ အသွင်ကူးပြောင်းမှုကို ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားလုံးက အမြင်ကျယ်ကျယ်၊ ဉာဏ်ပညာရှိရှိဖြင့် ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးနဲ့ အတူတကွ လက်တွဲပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ပြည်သူကို သွေးထိုးပေးနေသော အဆိပ်အတောက်စာပေများ ရပ်တန်းကရပ်ပါ**

ဆောင်းပါး စာမျက်နှာ » ၆

-----------------

**မိမိကစ ကာကွယ်ပါ၊ ကိုဗစ် ၁၉ ကပ်ရောဂါ တကယ်ကြောက်စရာ ...**

ဆောင်းပါး စာမျက်နှာ » ၁၀

## ညောင်ဦးမြို့နယ်၌ သောက်သုံးရေအခက်ကြုံတွေ့နေသူများအား သောက်သုံးရေများ သွားရောက်လှူဒါန်း



ညောင်ဦး ဧပြီ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာအုပ်စု ညောင်တိုတဲတိုက်နှင့် တာလမ်းကန်တဲတိုက်တို့တွင် သောက်သုံးရေ အခက်ကြုံတွေ့နေရသည့် ဒေသခံကျေးလက်နေပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာအုပ်စု ညောင်တိုတဲတိုက်တွင် အိမ်ခြေ ၄၂ အိမ်၊ လူဦးရေ ၂၀၀ ခန့်နှင့် တာလမ်းကန်တဲတိုက်တွင် အိမ်ခြေ ၂၇ အိမ် ၊ လူဦးရေ ၁၀၀ ကျော် နေထိုင်လျက်ရှိကာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံ

# ရောဂါကူးစက်ပြန့်ပွားခြင်းမရှိအောင် ဆက်လက်ထိန်းသိမ်းကာကွယ်

မြန်မာနိုင်ငံတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်ရောဂါမဖြစ်ပွားအောင် ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ၂၀၂၀ ပြည့်နှစ်တစ်နှစ်လုံး ကမ္ဘာတစ်ခွင် ကူးစက်ပြန့်ပွားခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်လည်း ပြီးဆုံးခြင်းမရှိသေးပေ။ ယခုအခါ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပေါ်လာပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း အမြင့်ဆုံးအနေအထားသို့ နီးကပ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဧပြီလ ၁၆ ရက်နေ့က အသိပေးထားသည်။

မြန်မာနိုင်ငံတွင် ယမန်နှစ်က ဖြစ်စဉ်နှင့် နောက်ဆုံးအခြေအနေအရ အတည်ပြုလူနာ တစ်သိန်းလေးသောင်းကျော်၊ ရောဂါကင်းစင်သွားသူ တစ်သိန်းသုံးသောင်းကျော်နှင့် သေဆုံးသူသုံးထောင်ကျော်ရှိခဲ့ပြီး လက်ရှိအခြေအနေ စစ်ဆေးရေးအားနည်းမှုကြောင့်ဟုဆိုနိုင်သည့် တစ်နေ့လျှင် ပိုးတွေ့လူနာ ဆယ်ဂဏန်းမျှသာရှိနေသည်ကို စိတ်ချလက်ချ ပေ့ါပေ့ါလျော့လျော့ နေနေ၍ဖြစ်မည်မဟုတ်ပေ။ အိမ်နီးချင်းနိုင်ငံများ၏ ဖြစ်စဉ်များကို သတိပြုကြရမည်ဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်ရက်ဆက်တိုက် နေ့စဉ်သေဆုံးသူ တစ်ရာကျော်ရှိလာပြီး နေ့စဉ်ကူးစက်ခံရသူ ထောင်နှင့်ချီရှိနေသည်။ အိန္ဒိယနိုင်ငံတွင် နေ့စဉ်ကူးစက်မှု သိန်းနှင့်ချီရှိနေပြီး အရှေ့ဘက်အိမ်နီးချင်းနိုင်ငံများတွင်လည်း ရောဂါကူးစက်မှုများ ထပ်တိုးတွေ့နေသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် အိမ်နီးချင်းနိုင်ငံများနှင့် အဝင်အထွက်နည်းနေသောကြောင့် ကူးစက်မှုနှုန်း မများသေးဟုဆိုသော်လည်း ဖြစ်လာလျှင် မြန်မာနိုင်ငံ၏ အခြေအနေ မည်မျှဆိုးဆိုးရွားရွားဖြစ်နိုင်ကြောင်း သာမန်အားဖြင့်ပင် ခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်က ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်မှုကြောင့် အနည်းဆုံးအနေအထားဖြင့် ကိုဗစ်-၁၉ ပထမလှိုင်း၊ ဒုတိယလှိုင်းတို့ကို ကျော်ဖြတ်နိုင်ခဲ့သည်။ အကယ်၍ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ တတိယလှိုင်းနှင့် ကြုံရပါက မသက်သာမလွယ်တော့ဟု ဆိုချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပြည်သူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနေသော ဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံရေးအမှောင့်ပယောဂဖြစ်သည့် CDM မှိုင်းမိခဲ့သောကြောင့် ဆေးရုံများကို စွန့်ခွာသွားကြသည်ဖြစ်ရာ အကယ်၍ ကိုဗစ်-၁၉ ရောဂါဆိုးကြီး တစ်ကျော့ပြန် ပြန်လည်ခေါင်းထောင်လာပါက ပြည်သူများအနေဖြင့် မသက်သာတော့ဘူးဟု ဆိုလိုခြင်းဖြစ်သည်။ ယမန်နှစ်က ရောဂါဖြစ်စဉ်အရ ရောဂါကူးစက်ခံစားခဲ့ကြရသည့် ပြည်သူများ၏ ဝေဒနာဒုက္ခဆင်းရဲများမှာ ခံစားခဲ့ကြရသူများမှ လက်တွေ့သိကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများက စေတနာရှေ့ထား အနစ်နာခံစွန့်စားပြီး ပြည်သူများ၏ အသက်များကို ကယ်တင်ပေးခဲ့သည်မှာ မမေ့နိုင်စရာဖြစ်သည်။

လက်ရှိအချိန်အခါတွင် CDM အကြောင်းပြု၍ ကိုဗစ်-၁၉ ရောဂါမဟုတ်ဘဲ အခြားရောဂါဝေဒနာအမျိုးမျိုးတို့ကြောင့် ကုရာကယ်ရာမရှိ အသက်စွန့်လွှတ်ခဲ့ရမှုများ တစ်ပုံတစ်ပင်ရှိ၍ စိတ်မကောင်းဖွယ်ရာများ ဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရ၊ တပ်မတော်ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် တာဝန်သိ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကို ယနေ့ထက်တိုင် အတတ်နိုင်ဆုံး၊ အကောင်းဆုံး ကာကွယ်စောင့်ရှောက်ကုသပေးလျက်ရှိသည်။ ရောဂါသည် ပြည်ပမှကူးစက်ဝင်ရောက်လာသည်ဖြစ်၍ နိုင်ငံတကာ အဝင်အထွက်လမ်းများ၊ နယ်စပ်ဖြတ်ကျော်မှုများကို အထူးဂရုပြုဆောင်ရွက်လျက်ရှိသည်။ သာဓကအားဖြင့် ပြီးခဲ့သည့်လက မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသား တစ်ထောင်ကျော်အား တပ်မတော်က မြန်မာပြည်သို့ ပြန်လည်ကယ်ဆယ်ခေါ်ဆောင်လာခဲ့ရာတွင် ကျန်းမာရေးစိတ်ချလုံခြုံမှုရှိသည်ကို သက်သေပြနိုင်ခဲ့သည်။ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သတ်မှတ်နေရာများတွင် ရောဂါရှိ/မရှိ စစ်ဆေးခြင်း၊ သံသယဖြစ်ဖွယ်တွေ့ရှိပါက ဆေးကုသပေးခြင်း၊ ရောဂါကင်းစင်ကြောင်း သေချာမှသာ နေရပ်ပြန်စေခြင်း၊ နေရပ်ပြန်ရောက်လျှင်လည်း ကျန်းမာရေးနှင့်သက်ဆိုင်ရာက စောင့်ကြည့်စစ်ဆေးပြီး လုံးဝစိတ်ချမှသာ မိသားစုနှင့်ဆုံစည်းစေခဲ့သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကူးစက်ခြင်းမခံရအောင် ပြည်သူများအနေဖြင့် ကျန်းမာရေးစည်းကမ်းများကို ဆက်လက်လိုက်နာကြရန်လိုအပ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားခြင်းမရှိအောင် တပ်မတော်နှင့် အရပ်ဘက်ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ (၈) တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း မပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ Digital Printing Machine များဖြင့် လုပ်ငန်းဆောင်ရွက်သည့် ဗီနိုင်းပုံနှိပ်လုပ်ငန်းများ၊ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် ဧပြီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ ၃ စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper ၊ https://www.moi.gov.mm/mal ၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန် | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ |
| စာတည်းများ | | ဦးအောင်ကျော်ကျော် |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဗန်းမော်ဆရာတော်၏ ဆန္ဒ

ယခုအခါ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ပြီး ရောဂါဝေဒနာ သန်းချီပြီး ရောဂါရပြီး သေကျေသူများလည်း သိန်းချီပြီး ရှိနေလေပြီ၊ သေချာပေါက်ပျောက်စေနိုင်သည့် ဆေးစွမ်းကောင်းများ မတွေ့ရသေးချေ။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က ဒိဋ္ဌပျောက်စေနိုင်သည့် ဆေးနည်းတစ်လက်ကို ပြောပြပါမည်၊ ယုံယုံကြည်ကြည် အကြိမ်များစွာ မှီဝဲပါက ဒိဋ္ဌပျောက်ပါသည်။

၎င်းဆေးနည်းအကျဉ်းချုပ်မှာ-

(၁) ရတနသုတ် ပရိတ်ကို တစ်နေ့ (၃)ကြိမ်ရွတ်၊
(၂) မေတ္တသုတ်ကို တစ်နေ့ (၃)ကြိမ်ရွတ်
(၃) ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်တို့ကို (၃)ကြိမ်ပွားများပါ။

ပုတီးစိပ်ပြီးလျှင် သတ္တဝါအားလုံးတို့အား အမျှဝေပါ။ ဘုရား တရား သံဃာ ရတနာ(၃)ပါးတို့၏ တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့် ယခုဖြစ်ပေါ်ပြီး ဒုက္ခပေးနေသည့် ကိုဗစ်-၁၉ ရောဂါများ အမြန်ပျောက်ကွယ်ပါစေဟု ဆုတောင်းမေတ္တာပို့လိုက်ကြပါ။



ကမ္ဘာသူ ကမ္ဘာသားအားလုံး ရောဂါဝေဒနာ အပေါင်းကင်းရှင်း၍ ကျန်းမာချမ်းသာကြပါစေ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။

**ဦးကုမာရာဘိဝံသ**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

# ဘဒ္ဒန္တဝိဇ္ဇောတ ပန္နရသမဉ္ဈေကျင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ ဩဝါဒ

အပ္ပမာဒေါ အမတံ ပဒံ, ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
(ဓမ္မပဒပါဠိ၊ အပ္ပမာဒဝဂ်၊ ၂၁။)

၁။ ကုသိုလ်ပြုရန်၊ မမေ့ပြန်၊ နိဗ္ဗာန်ရောက်ရန်၊ လမ်းကြောင်းမှန်။
၂။ ကုသိုလ်ပြုရန်၊ မေ့နေပြန်၊ သုသာန်ရောက်ရန်၊ လမ်းကြောင်းမှန်။
၃။ မမေ့သောသူ၊ သေစေမူ၊ သေရာမရောက်၊ သက်မပျောက်။
၄။ မေ့နေသောသူ၊ ရှင်စေမူ၊ ရှင်ရာမရောက်၊ အသက်ပျောက်။

ဤဒေသနာအရ ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ရောက်နိုင်ရန် ဒါန၊ သီလ စသောကုသိုလ်ကောင်းမှုများကို မမေ့မလျော့ ကြိုးစားအားထုတ် ပြုလုပ်ရန် အလွန်လိုအပ်၏။

ကုသိုလ်ကောင်းမှုများကို မေ့လျော့ပြီး မပြုဘဲနေက အသက်ပင်ရှင်နေသော်လည်း သေသူနှင့် မခြား တစ်သားတည်းဖြစ်ပေ၏။



ထို့ကြောင့် နှစ်သစ်အခါသမယမှစ၍ ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ဘဲ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြပါစေ။



# "ဖြဟ္မစိုရ်လေးဖြာ ပွားများပါ"

"ဖြဟ္မစိုရ်လေးဖြာ၊ တည်ကြပါမှ၊ သတ္တဝါဟူ၊ ဦးမည်းဖြူတို့၊ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာခွန်အား၊ သက်ရှည်ပွား၏" - ဟူသော မဃဒေဝလင်္ကာ၌ မိန့်ဆိုတော်မူသည်နှင့်အညီ... ၁၃၈၃-ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည် အချိန်အခါမှစ၍ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများအားလုံး မင်္ဂလာအပေါင်းခညောင်း၍ ဘေးဆိုး၊ ကပ်ဆိုး၊ ရောဂါဆိုးအမျိုးမျိုးမှ ကင်းဝေးကြစေရန်၊ ရုပ်ဆင်းအင်္ဂါ ပြည့်ဖြိုးစွာဖြင့် ချမ်းချမ်းသာသာ နေထိုင်နိုင်ကြစေရန်၊ ဘောဂဗလ စသော ဗလငါးတန်ဖြင့် ပြည့်စုံကြပြီး အနာမဲ့ကင်း အသက်ရှည်ခြင်း-ဟူသော အကျိုးတရားများနှင့် ပြည့်စုံနိုင်ကြစေရန်

* သူတစ်ပါးတွေကို ချမ်းသာစေလိုတဲ့ မေတ္တာ၊
* ဒုက္ခရောက်နေသူတွေကို ကိုယ်ချင်းစာတရားနှင့် သနားကြင်နာတဲ့ ကရုဏာ၊
* ကိုယ့်ထက် ပြည့်စုံချမ်းသာတဲ့ သူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်စွာ နှလုံးသွင်းနိုင်တဲ့ မုဒိတာ၊
* သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်ကြရတာပဲလို့ မျှမျှတတ နှလုံးသွင်းနိုင်တဲ့ ဥပေက္ခာ-ဟူသော ဖြဟ္မစိုရ်လေးပါး အစဉ်ပွား၍ နေနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။

**သန်လျင်မင်းကျောင်းဆရာတော်**
**ဘဒ္ဒန္တစန္ဒိမာဘိဝံသ**

# ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၏ နှစ်သစ်ကူးစကားလက်ဆောင်

**မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်ကို လွန်မြောက်ပြီး တစ်နှစ်ကူးပြောင်းတဲ့ ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး ရောက်ရှိလာတဲ့အချိန်၊ သင်္ကြန်ဆိုတာ "သင်္ကမန္တ" ကူးပြောင်းခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ တစ်နှစ်လွန်မြောက်လို့ တစ်နှစ်ကူးပြောင်းတဲ့ အထိမ်းအမှတ်အနေနဲ့ မြန်မာသင်္ကြန် အခါတော်နေ့ဆိုတာ ဖြစ်လာတာပါ။**

လောကမှာလည်းပဲ ပညတ်သတ်မှတ်ချက်တွေဟာ ကူးပြောင်းနေကြပါတယ်။ အဲဒီလို ကူးပြောင်းတဲ့အခါမှာ လောကလူသားတွေက လောကကြီး ကောင်းသည်ထက်ကောင်းအောင် ကူးပြောင်းတာမျိုးကို နှစ်သက်ကြတယ်။ ဆိုးတဲ့အခြေအနေကနေ ကောင်းတဲ့အခြေအနေကို ကူးပြောင်းတာမျိုးကို နှစ်သက်ကြတယ်။

နှစ်ဟောင်းမှာ ဆိုးခဲ့တာတွေရှိမယ်၊ နှစ်သစ်မှာ ကောင်းဖို့။ နှစ်ဟောင်းမှာ ကောင်းခဲ့တာတွေရှိရင်လည်း နှစ်သစ်မှာ ပိုပြီးကောင်းဖို့ ကူးပြောင်းတဲ့အနေနဲ့ မိမိကိုယ်ကို အသိပေးပြီး နှလုံးသွင်းရတဲ့ **"သင်္ကမန္တ"** မဟာသင်္ကြန်အခါ လွန်မြောက်ခဲ့တော့ အခုနှစ်သစ်ကူး မင်္ဂလာအခါမှာ ကောင်းတာတွေ ကောင်းသည်ထက် ကောင်းတာတွေပဲ ဆောင်ရွက်ကြဖို့ပါ။

**"အတ္တိမေ ပုဗ္ဗေနပရံ ဝိသေသော"** မြန်မာနိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ရှေးကာလအချိန်က ကိုယ့်ရဲ့ စိတ်ဓာတ်တွေနဲ့ နောင်းကာလအချိန် စိတ်ဓာတ်တွေ ကောင်းသည်ထက်ကောင်းပြီး ထူးထူးခြားခြားကြီး ကောင်းသွားအောင် ကြိုးစားတာကို **"ဝိသေသော"** လို့ ခေါ်တာပါ။ ထူးခြားသွားတာပါ။

၁၃၈၃ ခုနှစ် နှစ်သစ်ကူးမင်္ဂလာအခါမှာ အရင်ထက် စိတ်ဓာတ်တွေ ပိုကောင်းဖို့၊ စိတ်ဓာတ်ဆိုးတွေကို ပယ်ဖျောက်ပြီး စိတ်ဓာတ်ကောင်းတွေ ဖြစ်ဖို့၊ စိတ်ဓာတ်ကောင်းတွေကို နောက်ထပ် ပိုပြီးစိတ်ဓာတ်ကောင်းတွေ ဖြစ်ဖို့ပါ။

ပုထုဇဉ်တွေမှာ လောဘ၊ ဒေါသ၊ မောဟတွေ ရှိကြတာ သဘာဝပါ။ သို့ပါသော်လည်း နှစ်သစ်ကူး မင်္ဂလာအခါကစပြီး လောဘကြီးမယ့်**အစား**



လောဘတွေနည်းဖို့၊ လောဘနည်းမယ့်**အစား** လောဘတွေ ကင်းကုန်မရှိအောင် ကြိုးစားဖို့၊ ဒေါသတွေ ကြီးမယ့်**အစား** ဒေါသတွေ နည်းဖို့၊ ဒေါသတွေ နည်းမယ့်**အစား** ဒေါသတွေ ကင်းကုန်မရှိအောင် ကြိုးစားဖို့၊ မောဟတွေ ကြီးမယ့်**အစား** မောဟတွေ နည်းဖို့၊ မောဟတွေ နည်းမယ့်**အစား** မောဟတွေ ကင်းကုန်မရှိအောင် ကြိုးစားဖို့ တို့တစ်တွေ ကျင့်ကြံရ၊ အားထုတ်ရမှာပါလား။

ဒီလိုမကောင်းတဲ့ ကိလေသာစိတ်ဓာတ်ဆိုးတွေ ကင်းပျောက်ပြီးတော့ ကောင်းတဲ့ စိတ်ဓာတ်ကောင်း **"အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ"** သူတော်ကောင်းစိတ်ဓာတ်တွေ တိုးပွားအောင် ကြိုးစားရမှာပါလားလို့ မိမိတို့ကိုယ်တိုင်အသိတရားလည်း ရှိကြပါတယ်။ အသိတရားတွေလည်း ဝင်လာကြပါတယ်။

အဲဒီအသိတရားနဲ့ပဲ နှစ်သစ်ကူးမင်္ဂလာကစပြီး ၁၃၈၃ ခုနှစ်ဆိုတဲ့ မြန်မာသက္ကရာဇ် တစ်နှစ်လုံးသာမက နောက်နောင် အမြဲထိ ကောင်းမြတ်တဲ့ အသိထူးတွေ၊ စိတ်ဓာတ်ထူးတွေ ရအောင် ကူးပြောင်းပြီး ကြိုးစားနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

သူတော်ကောင်းတွေဖြစ်ကြပြီး မိမိတို့ မြန်မာနိုင်ငံကြီးကိုသာမက တစ်ကမ္ဘာလုံးကိုပါ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန် သတည်း။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ပြောကြားသည့် ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက် မင်္ဂလာစကားများ

### မန်းငြိမ်းမောင်
### နိုင်ငံတော်စီမံအုပ်ချုပ်ရေး
### ကောင်စီအဖွဲ့ဝင်



မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေဖို့ ဒီနှစ်သစ်ကူးမှာ ကျွန်တော် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျာ။ ကျွန်တော် ပထမဆုံးပြောချင်တာကတော့ နှစ်သစ်အခါရောက်တဲ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်မှာ တစ်ဦးနဲ့တစ်ဦး တစ်တိုင်းပြည်လုံး အမုန်းတရားတွေ ကွယ်ပျောက်ပြီး မေတ္တာမိုးတွေ သွန်းဖြိုးရောက်ရှိပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့တိုင်းပြည်ဟာ ပဋိပက္ခနွံထဲမှာ နှစ်ပေါင်း ၇၀ ကျော် နစ်နေတဲ့ တိုင်းပြည်တစ်ပြည်အနေနဲ့ ပဋိပက္ခနွံထဲက ရုန်းထွက်နိုင်ဖို့ ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ အင်အားစုတွေအားလုံး၊ ပုဂ္ဂိုလ်တွေအားလုံး၊ ခေါင်းဆောင်တွေအားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်တည်ငြိမ်ဖို့၊ အေးချမ်းဖို့၊ လုံခြုံဖို့ အားလုံးမှာ တာဝန်ရှိကြတဲ့အတွက် တိုင်းပြည်ရဲ့မျက်နှာ၊ ပြည်သူရဲ့မျက်နှာကို ထောက်ထားပြီးတော့ နှိမ့်နှိမ့်ချချစိတ်ထားနဲ့ ကျွန်တော်တို့အားလုံး မေတ္တာတရားရှေ့ထားပြီး ပဋိပက္ခနွံထဲက အကုန်လုံး ကိုယ်စီကိုယ်ငှ တာဝန်ယူပြီးတော့ ရုန်းထွက်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

### ဦးခင်မောင်ဆွေ
### နိုင်ငံတော်စီမံအုပ်ချုပ်ရေး
### ကောင်စီအဖွဲ့ဝင်



အားလုံးမင်္ဂလာပါခင်ဗျာ။ အားလုံးသော ပြည်သူများ ကျန်းမာပကတိ ချမ်းသာစွာရှိပြီး ယခုကျရောက်နေတဲ့ ကိုဗစ်ရောဂါအန္တရာယ်မှလည်း ကင်းဝေးပြီးတော့ ငြိမ်းချမ်းသာယာတဲ့ မြန်မာ့လူ့ဘောင်ကြီးမှာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြပါစေလို့ နှစ်သစ်ကူးမှာ အထူးပဲ ဆုတောင်းမေတ္တာပို့သပါတယ်ခင်ဗျာ။

ကျွန်တော်တို့ရဲ့ နိုင်ငံရေးနယ်ပယ်မှာ ဆိုရိုးစကားတစ်ခုရှိပါတယ်။ အဲဒါကတော့ ပါတီနိုင်ငံရေးခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲတစ်ခု အနိုင်ရရေးကို ဦးစားပေး စဉ်းစားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် နိုင်ငံကိုချစ်တဲ့ နိုင်ငံခေါင်းဆောင်တွေကတော့ အနာဂတ်မျိုးဆက်တွေ ကောင်းစားရေးကို ဘယ်လိုလုပ်ဆောင်ပေးရမလဲဆိုတာကို စဉ်းစားဆောင်ရွက်ပေးလေ့ရှိတယ်ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိပါတယ်။

မိဘပြည်သူများခင်ဗျာ။ ကျွန်တော်တို့တစ်တွေပြည်သူတွေဟာ ကျွန်တော်တို့ကို ချစ်တဲ့သူ၊ သင့်မြတ်တဲ့သူ၊ မုန်းတဲ့သူ၊ မသင့်မြတ်တဲ့သူအားလုံးကို နိုင်ငံသားပြည်သူ သန်း ၅၀ ကျော်ရဲ့အရေးကို ကျွန်တော်တို့ မြော်တွေးစဉ်းစားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုသန်း ၅၀ အရေးကို မြော်တွေးစဉ်းစားပြီးတော့ လူ့ဘောင်အဖွဲ့အစည်းကြီး ညီညွတ်မျှတတဲ့ အနေအထားကိုရောက်ဖို့ အချိန်တန်ပါပြီ။ နောက်ပြီးတော့ မြန်မာပြည်ကြီးမှာ သာယာဖို့၊ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ချစ်ကြည်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်ကြဖို့ဆိုတဲ့ အမျိုးသားညီညွတ်ရေးစိတ်ဓာတ်တွေနဲ့အတူ မြန်မာတွေရဲ့ ခေတ်ဆန်းချိန်တစ်ခုကို အရောက်သွားဖို့ ဖော်ဆောင်ပေးကြဖို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

မိဘပြည်သူများခင်ဗျာ။ ပြည်သူတိုင်းမှာ နိုင်ငံကိုကာကွယ်ဖို့ တာဝန်ရှိပါတယ်။ ခေတ်အဆက်ဆက် ဘိုးစဉ်ဘောင်ဆက် နိုင်ငံကိုကာကွယ်ခဲ့တဲ့ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်းတို့ရဲ့ နိုင်ငံတော်ကို ဘိုးဘွားစဉ်ဆက် ကာကွယ်ခဲ့တယ်ဆိုတဲ့ သမိုင်းသက်သေဟာရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘိုးဘွားစဉ်ဆက်တို့ရဲ့ တာဝန်ကျေမှု၊ ကျွန်တော်တို့ရဲ့ နိုင်ငံတည်ထောင်တဲ့ ဖခင်ကြီးတွေရဲ့ စေတနာဆန္ဒတွေကို လေးစားသောအားဖြင့် ကျွန်တော်တို့ဟာ တိုင်းတစ်ပါးသြဇာခံနိုင်ငံ မဖြစ်ရေးအတွက် ကိုယ့်အမျိုးကိုချစ်ကြပါ။ အမိမြေကို ကာကွယ်ကြပါ။ နောက်ပြီး အားလုံးလိုလားတောင့်တနေကြတဲ့ အမျိုးသားနိုင်ငံတော်ကြီးဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးတစ်ခုကို ရောက်ရှိအောင် နိုင်ငံရေးသီလစင်ကြယ်စွာနဲ့ အမျိုးသားညီညွတ်ရေး၊ တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးစိတ်ဓာတ်တွေနဲ့ ဖော်ဆောင်ပေးကြဖို့ ဒီနေရာကနေ ကျွန်တော်တိုက်တွန်းလိုပါတယ်။

မြန်မာပြည်သူအပေါင်း ချမ်းမြေ့သာယာ ရှိကြပါစေ။ မြန်မာပြည်ကြီး ကျန်းမာပါစေ။

### ဦးသိန်းညွန့်
### နိုင်ငံတော်စီမံအုပ်ချုပ်ရေး
### ကောင်စီအဖွဲ့ဝင်



တိုင်းပြည်ဟာ ဆိုဗီယက်ယူနီယံလို၊ ယူဂိုဆလပ်သမ္မတနိုင်ငံလို ပြိုကွဲသွားမယ့် အခြေအနေမျိုးရောက်ခဲ့ပြီးတော့၊ ပြီးရင် အီရတ်တို့၊ လစ်ဗျားတို့လို မဆုံးနိုင်တဲ့ အကြမ်းဖက်စစ်ပွဲတွေနဲ့ ရင်ဆိုင်ရမယ့်အန္တရာယ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ မြန်မာ့တပ်မတော်ဟာ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်မှာ တိုင်းပြည်ကိုကယ်တင်ခဲ့တယ်။

အဲဒီအပြင် တိုင်းပြည်ရဲ့ ဆင်းရဲတွင်းကနေ ငရဲတွင်းရောက်ပြီးတော့ ကျဆုံးမယ့်နိုင်ငံဖြစ်ဖို့ အခြေအနေမှာ ကျွန်တော်တို့ တိုင်းပြည်မှာ တကယ်အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှု၊ တိုင်းပြည်အတွက် တကယ်အလုပ်လုပ်မယ့် ခေါင်းဆောင်မှုလိုအပ်လာတဲ့ အချက်တွေကို ဖြည့်စွက်နိုင်တဲ့အတွက် တိုင်းပြည်ဟာ အဆိုးထဲက အကောင်းတွေဖြစ်လာပါပြီ။ ဒါကြောင့် ဘယ်သူတွေ ဘာပြောပြော ဒီနေ့မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော်ရဲ့ဆောင်ရွက်ချက်တွေဟာ သမိုင်းမှာ ထိုက်ထိုက်တန်တန် ဂုဏ်ပြုမှတ်တမ်းတင်ခံရမှာပဲ။

ပြည်သူလူထုကလည်း မကြာခင်အချိန်အတွင်းမှာ ဘယ်သူက တိုင်းပြည်အတွက် လုပ်တယ်။ လူထုအတွက် လုပ်တယ်ဆိုတာ သိရမယ့်အချိန် ရောက်လာပါလိမ့်မယ်။ ဘယ်သူတွေ ဘာပြောပြော၊ ဘယ်လိုပဲ လုပ်ကြံဖန်တီးမှုတွေနဲ့ စွပ်စွဲ၊ စွပ်စွဲ တိုင်းပြည်အတွက် ဘယ်သူတွေက အလုပ်လုပ်ခဲ့တယ်။ တိုင်းပြည်ကောင်းရာ ကောင်းကျိုးကို ဘယ်ခေါင်းဆောင်က လုပ်ခဲ့တယ်ဆိုတာကို မကြာခင်အချိန်အတွင်းမှာ အဖြေပေးပါလိမ့်မယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ခေါင်းဆောင်မှုနဲ့ မြန်မာနိုင်ငံကို အခုလို အလှည့်အပြောင်းလုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ တိုင်းပြည်ဟာ အင်မတန်မှ ကံကြမ္မာကောင်းနဲ့ ကြုံခဲ့ရခြင်းဖြစ်ပါတယ်။

ဒီကံကြမ္မာကောင်းကို မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှာ အားလုံးက မြင်တွေ့ရပါလိမ့်မယ်။ အဲဒီအတွက် ဒီနှစ်သစ်မှာ ပြောချင်တဲ့အချက်က တစ်ချက်တည်းပါပဲ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အကောင်းဆုံးအခြေအနေကို ရောက်နိုင်ဖို့၊ တိုင်းသူပြည်သားတိုင်း အနာဂတ် မျှော်လင့်ချက်ရှိဖို့ဆိုရင် ကျွန်တော်တို့ အားလုံးဟာ ဒီနေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ခေါင်းဆောင်မှုအောက်ကနေ တိုင်းပြည်ရဲ့သမိုင်းတစ်ခေတ်ကို ရေးထိုးကြဖို့အတွက် အဆင်သင့်ရှိဖို့လိုကြောင်း ပြောကြားရင်းနဲ့ နှစ်သစ်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

### Jeng Phang နော်တောင်
### နိုင်ငံတော်စီမံအုပ်ချုပ်ရေး
### ကောင်စီအဖွဲ့ဝင်



ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူ တိုင်းရင်းသား လူမျိုး၊ မျိုးနွယ်စု၊ မျိုးနွယ်အပေါင်းတို့ခင်ဗျား-

နှစ်သစ်မင်္ဂလာ အခါသမယမှာ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြု ဆုမွန်ကောင်းတောင်း၍ မေတ္တာပို့သအပ်ပါတယ်။ မိမိတို့နိုင်ငံမှာ လတ်တလော ဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကြီးဟာလည်းပဲ ကင်းစင်ပပျောက်သွားနိုင်ပါစေကြောင်း ထပ်လောင်း၍ အထူးဆုတောင်းအပ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနဲ့ ကုသရေးလုပ်ငန်းများမှာသော်လည်းကောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးအန္တရာယ်ကြောင့် ထိခိုက်ကျဆင်းခဲ့ရတဲ့ ယနေ့မိဘပြည်သူတိုင်းရင်းသား လူမျိုးအပေါင်းတို့ရဲ့ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဦးမော့ကောင်းမွန်လာစေပြီး ပြည်သူလူထုတစ်ဦးချင်းရဲ့ စားဝတ်နေရေး ပြီးပြည့်စုံရန်အတွက် သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ညီအစ်ကိုအချင်းချင်း ဖြစ်ပွားနေတဲ့ ပဋိပက္ခ ချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ သော်လည်းကောင်း။

နိုင်ငံ့ဝန်ထမ်းများဟာ လူနေမှုစနစ် အဆင့်မြင့်မားစွာ နေနိုင်ဖို့အတွက် စီမံဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်များမှာ လည်းကောင်း၊ နောင်အနာဂတ်တိုင်းပြည်ရဲ့ ခေါင်းဆောင်များ ဖြစ်လာကြမယ့် လူငယ်လူရွယ်များကိုလည်းပဲ သင့်မြတ်ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိစေပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့၊ ခေတ်မီတဲ့ ပညာရေးစနစ် ဖြစ်ထွန်းလာစေဖို့အတွက် စီမံဆောင်ရွက်တဲ့ လုပ်ငန်းများမှာ လည်းကောင်း ကျွန်တော်တို့တွေ အားလုံးဟာ အမြန်ဆုံး မလွဲမသွေ မုချအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၅ သို့ ❖

❒ **ရှေ့ဖုံးမှ**

တိုင်းပြည်တစ်ပြည်ရဲ့စီးပွားရေးကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံစဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဓိကကတော့ စီးပွားရေးအခြေခံအဆောက်အအုံတွေ ခိုင်မာရေးအတွက် အရေးကြီးတဲ့ စီးပွားရေးအင်စတီကျူးရှင်းတွေကို အားပေးတာတွေ၊ သေချာတဲ့ ကုန်ထုတ်လုပ်မှုတွေကို အားပေးတာတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ယခုလို COVID-19 ကပ်ရောဂါနဲ့ပတ်သက်ပြီး တိုင်းရင်းသားပြည်သူလူထုအတွက် ကာကွယ်ရေး၊ ကုသရေးတို့တွင် မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာမှာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံထုတ်၊ တရုတ်နိုင်ငံထုတ်၊ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကို လူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့် ၃ ဆင့်၊ အုပ်စု ၅ စုခွဲ၍ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

လက်ရှိတွင် ကာကွယ်ဆေး ၃ သန်းခွဲ ရောက်ရှိနေပြီး ထပ်မံ၍ ၂၈ သန်း ရောက်ရှိမှာဖြစ်ပြီး ပြည်သူလူထုအတွက် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အလေးထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မှာပဲ ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေနိုင်ဖို့အတွက် ငြိမ်းချမ်းရေးကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် မည်သည့်ကိစ္စမျိုးကိုမဆို ရှောင်ရှားပြီး ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နေကြတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်စေဖို့အတွက် ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိမှသာ တိုင်းပြည်ရဲ့ တိုးတက်မှုဟာ ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။

ယခုလို ၁၃၈၃ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလ အခါသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေမှ အားနည်းချက်တွေကိုပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ကျွန်တော်တို့နှင့်အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့လို့ ဆန္ဒမွန်ပြု နှစ်သစ်ဦး အမှာစကားပါးလိုက်ပါတယ်၊ အားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျာ။

❖ စာမျက်နှာ ၄ မှ

အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လည်းကောင်း၊ မိမိတို့ရဲ့နိုင်ငံအနာဂတ် ချမ်းမြေ့သာယာအောင် ဆောင်ရွက်ရာမှာ လည်းကောင်း၊ မိဘပြည်သူနဲ့ တိုင်းရင်းသားလူမျိုး၊ မျိုးနွယ်စုတို့ရဲ့ဘဝ ပျော်ရွှင်ရေး၊ အေးချမ်းသာယာရေးအတွက် လည်းကောင်း။


အများက လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မယ့် ရှေ့ခရီးလမ်းကြောင်းမှာ မိဘပြည်သူနဲ့ တိုင်းရင်းသားလူမျိုးအပေါင်း အားလုံးတို့ဟာ ကျရာကဏ္ဍအသီးသီးကနေ အပြုသဘောနဲ့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း အထူးဆန္ဒပြု ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကိုယ်စိတ်နှစ်ဖြာ အားလုံး ကျန်းမာချမ်းသာကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမောင်းဟာ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်**

တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းသူပြည်သားတွေ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ချင်းအမျိုးသားဖြစ်ပါတယ်။ ချင်းအမျိုးသားဖြစ်ပေမယ့် ကျွန်တော်က ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့သူဆိုတော့ မင်္ဂလာဆုတောင်း ပြောလို့ရှိရင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအစဉ်အလာအရ ကျွန်တော်က ပြောမှာပါ။ နောက် ကျန်တဲ့ဘာသာတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့၊ သူ့ဆုတောင်းနဲ့ရှိမှာပါ။ ကျွန်တော်က အသက် ၆၉ နှစ်ပြည့်တဲ့ ဒီဇင်ဘာလကစပြီးတော့ ပဋ္ဌာန်းကို အမြဲတမ်းရွတ်ပါတယ်။ ပဋ္ဌာန်းရွတ်တာကလည်း ကျွန်တော်ဝန်ထမ်းဘဝတုန်းက ကချင်ပြည်နယ်မြောက်ဖျား နောင်မွန်းမှာနေတုန်းက ဘုန်းကြီးကျောင်းမှာ တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဘာသာဝင်တွေစုပြီး ပဋ္ဌာန်းရွတ်တော့ အမှန်အတိုင်းပြောရရင် အဲဒီကျမှ ပဋ္ဌာန်းကို ဌာန်ကရိုဏ်းကျကျ ဖတ်တတ်သွားတာပါ။ အခု အသက် ၆၉ နှစ်ပြည့်ကာမှ ကျွန်တော် ပဋ္ဌာန်းကို ပြန်စရွတ်တာဆိုတော့ လေးလလောက်တော့ရှိပြီပေါ့။ အဲဒီတုန်းက ဆုတောင်းတာတော့ ပဋ္ဌာန်းရွတ်ပြီးရင် မေတ္တာပို့ပါတယ်။ မေတ္တာပို့ပြီးရင် ဝေနေယျအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဒီလိုပဲ ကျွန်တော် မေတ္တာပို့ပါတယ်။ အခုကျတော့ ဒီနေရာမှာ ရောက်လာတဲ့အချိန်ကျတော့ ကျွန်တော် ဆုတောင်းတာ တစ်ခုတိုးပါတယ်။ ပဋ္ဌာန်းကိုရွတ်တယ်။ နောက် မေတ္တာပို့တယ်။ နောက်ပြီး ကွယ်လွန်သွားတဲ့ အဖေ၊ အမေကအစ ကျန်တဲ့ သတ္တဝါတွေ အားလုံး မေတ္တာပို့တယ်။ မေတ္တာပို့ပြီးရင် ကျွန်တော် တစ်ခုထပ်တိုးတယ်။ အဲဒါက ဘာလဲဆိုတော့ ဘုရားတပည့်တော် တပည့်တော်မတို့သည် အေးချမ်းသာယာသော နိုင်ငံတော်၏ နိုင်ငံသူ နိုင်ငံသားများ ဖြစ်ကြရပါလို၏ အရှင်ဘုရား ဆိုပြီးတော့ ဆုတောင်းတာ တစ်ခုတိုးပါတယ်။ အဲဒါအကုန်လုံး အခု



နားထောင်နေတဲ့ ပရိသတ်တွေအပေါ်မှာ လွှမ်းခြုံတဲ့စေတနာနဲ့ မေတ္တာအရင်းနဲ့ ကျွန်တော်ဆုတောင်းတာပါ။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလို့ ချမ်းသာကြပါစေ။



**စောဒန်နီယယ်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေး**
**ကောင်စီအဖွဲ့ဝင်**

ဒီကနေ့ မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူး အချိန်အခါသမယမှာ မြန်မာပြည်သူ ပြည်သားအားလုံးကို စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းသုခနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ကျွန်တော် နှုတ်ခွန်းဆက်ပြောလိုပါတယ်။ ကျွန်တော်တို့ မြန်မာပြည်ကြီးမှာ အတူတကွ နေထိုင်ကြတဲ့အခါမှာ တိုင်းရင်းသားမျိုးစုံရှိပါတယ်။ ဘာသာပေါင်းစုံလည်း ရှိကြပါတယ်။ တစ်ဦးနဲ့ တစ်ဦး မပုတ်ခတ်ဘဲနဲ့၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်မေတ္တာနဲ့ ကျွန်တော်တို့ အတူတကွ လက်တွဲပြီး နေထိုင်ကြရင် တကယ်ပျော်ရွှင်စရာကောင်းတဲ့ နိုင်ငံကြီးဖြစ်မှာပါ။

ကျွန်တော်တို့နိုင်ငံဟာ သယံဇာတလည်း ပေါကြွယ်တယ်။ လူ့အရင်းအမြစ်တွေလည်း ရှိနေတယ်။ တိုးတက်ဖို့၊ အောင်မြင်ဖို့ဆိုတာ ဘာမှမခက်ပါဘူး။ ဒါပေမယ့် လူမှန်နေရာမှန်ဖြစ်ဖို့တော့ လိုအပ်တယ်။ ရွေးချယ်မှုစနစ်တွေ မမှန်တာကြောင့် တစ်မျိုး၊ အံဝင်ခွင်ကျမဖြစ်တာကလည်းတစ်မျိုး၊ အဲဒါတွေကြောင့် ကျွန်တော်တို့နိုင်ငံဟာ ဒုံရင်း ဒုံရင်းနဲ့ နှစ်ပေါင်း ၇၀ ကျော်ပါပြီ။ ဒါကြောင့် ဒီကနေ့ ကျွန်တော်ပြောချင်တာက မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ပါတီစွဲတွေ၊ ဝါဒစွဲတွေ၊ ပုဂ္ဂိုလ်စွဲတွေ မထားကြပါနဲ့။ ကျွန်တော်တို့ အတူတကွ ယှဉ်တွဲနေထိုင်ဖို့၊ တိုးတက်ဖို့ဟာ လူကောင်းလူတော်တွေ၊ သူဘယ်နေရာမှာ တော်လဲ တော်တဲ့နေရာ ကျွန်တော်တို့ ထည့်ပေးလိုက်မယ်။ သူဘယ်နေရာမှာ တတ်လဲ တတ်တဲ့နေရာ ကျွန်တော်တို့ ထည့်ပေးလိုက်မယ်။ အတူတကွ လုပ်ဆောင်ကြရင် ဗမာပြည်ကြီးဟာ တိုးတက်မှာပါ။ လွဲနေတဲ့အရာတွေကိုတော့ ကျွန်တော်တို့ ပြင်ဖို့လိုပြီ။ ကျွန်တော်တို့ မပြင်နိုင်သရွေ့တော့ ဒီထက်ဆိုးတဲ့ ကံကြမ္မာတွေ ကျွန်တော်တို့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်သူပြည်သားအားလုံး အတူတကွ ယှဉ်တွဲနေထိုင်ရင်းနဲ့ ဒီနှစ်သစ်မှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ အတူတကွ ပျော်ရွှင်စွာ နေထိုင်သွားကြဖို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဗညားအောင်မိုး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်**

မင်္ဂလာနှစ်သစ်ပါခင်ဗျာ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူ နိုင်ငံသားများအပါအဝင် ကမ္ဘာသူကမ္ဘာသားများအားလုံး ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးမှ ကင်းဝေးကြပါစေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်တဲ့ ဦးတည်ချက်(၉)ရပ်မှ အပိုဒ်(၁) အပိုဒ်ခွဲ(က)အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးနိုင်ရန်ဟူသောအချက်ကို အစပျိုး အကောင်အထည်ဖော်နိုင်ပါစေ။

အဲဒီဦးတည်ချက်(၉)ရပ်မှ အပိုဒ်(၁) အပိုဒ်ခွဲ(က)မှာပါတဲ့ ပြည်ထောင်စုတိုင်းရင်းသားများတို့ လိုလားတောင့်တနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို နမူနာပုံစံအဖြစ် ဒီမင်္ဂလာရှိသော ၁၃၈၃ ခုနှစ် နှစ်သစ်မှာ ပုံဖော်နိုင်ပါစေ။ ဒီနှစ်သစ်ကူးမင်္ဂလာအခါသမယမှာ လေးနက်တဲ့ မေတ္တာ၊ စေတနာနဲ့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



အနာဂတ်ကမ္ဘာ
သာယာဖို့
အိုဇုန်းလွှာကို
ကာကွယ်စို့

# ပြည်သူကို သွေးထိုးပေးနေသော အဆိပ်အတောက်စာပေများ ရပ်တန်းကရပ်ပါ

ကနောင်

မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကား ပြီးစီးသွားခဲ့ပြီ။ ပြည်သူများအဖို့ နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် တိုင်းပြည်ကြီး စည်ပင်ဝပြော၍ အေးချမ်းသာယာသောအနေအထားကို မျှော်လင့်ကြမည်ဖြစ်ပါသည်။ ပြည်သူများအားလုံး၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်ကြီးအေးချမ်းသာယာဖို့၊ တိုးတက်အောင်မြင်ဖို့၊ လူသားအချင်းချင်း မျှဝေခံစားဖို့နှင့် တိုင်းပြည်၏အနာဂတ်လူငယ်များဘဝမြင့်မားဖို့ဟူ၍ ဖြစ်လိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။

**နှစ်သစ်အခါသမယလည်းဖြစ်**

ယခုကာလသည် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ အရေးကိစ္စအဝဝကို ဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ကာ တစိုက်မတ်မတ် ဆောင်ရွက်နေသည့်အချိန်လည်း ဖြစ်ပါသည်။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် အခြားနိုင်ငံများနည်းတူ ယိုင်နဲ့လုနီးခဲ့ရသည့် စီးပွားရေးကို ပြန်လည်ကုစားရမည့်အချိန်၊ မကြာမီ ကျောင်းနေအရွယ် လူငယ်မောင်မယ်များ ကျောင်းတော်ကြီးဆီ ပြန်လည်တက်ရောက်ကြရမည့်အချိန်၊ စက်မှုလက်မှုလုပ်ငန်းစွမ်းအားရှင်များ လုပ်ငန်းခွင်ဆီ ပြန်လည်ဝင်ရောက်ကြရတော့မည့်အချိန်၊ တစ်နည်းအားဖြင့် နိုင်ငံတော်ကြီးအတွက် ရောင်နီသန်းချိန် နှစ်သစ်အခါသမယလည်း ဖြစ်ပါသည်။

ပြည်သူများ၏ စည်းလုံးညီညွတ်မှုအင်အား၊ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကို အစွမ်းကုန်အပြည့်အဝသုံးကာ တိုင်းပြည်အမြန်ဆုံး တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည့် အချိန်ပင်ဖြစ်သော်ငြား မိမိတို့နိုင်ငံတော်ကြီး မငြိမ်မသက်အောင်၊ ပြည်သူများ တည်ငြိမ်အေးချမ်းမှု မရှိအောင်၊ တရားဥပဒေစိုးမိုးမှု မရှိအောင် အမှောင်ထုအတွင်းမှ တိုက်ဖျက်လှိုက်စားနေသည့် အရာများကိုလည်း ပြည်သူများက မိမိတို့ပြည်သူတစ်ရပ်လုံး အထိမနာစေရေး၊ တိုင်းပြည်ကြီး အနာတရမဖြစ်စေရေးအတွက် ဝိုင်းဝန်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပူးပေါင်းအဖြေရှာတွန်းလှန်ရမည့် အချိန်အခါလည်း ဖြစ်ပါသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လေလှိုင်းအတွင်း၊ လူငယ်များ၏ လက်ဝယ်အတွင်း ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေမည့်၊ အမှားသံသရာဝဲဂယက်တွင် သက်ဆင်းစေမည့် သူပုန်လမ်းစဉ်၊ အဖျက်အမှောင့်လမ်းစဉ်ကို အားပေးအားမြှောက်ပြုနေသည့် တရားမဝင်ထုတ်ဝေနေသောစာစောင်များကို မြင်တွေ့ရသည်။ ထိုစာစောင်များကို တရားမဝင် ထုတ်ဝေနေကြခြင်းဖြစ်ပြီး ရေးသားသူများမှာလည်း ခိုင်မာသည့် သတင်းစာဆရာများမဟုတ်၊ ပါဝင်သည့် အချက်အလက်များမှာလည်း ခိုင်မာသည့် သတင်းအချက်အလက်များမဟုတ်သည်ကို မြင်တွေ့ရသည်။ သို့သော် သေချာသည်မှာ ပြည်သူများ၏ အေးချမ်းသာယာမှုနှင့် ရိုးသားသောလူငယ်များ၏ ခံစားချက်ကို ဖျက်ဆီးပစ်မည့် အဆိပ်အတောက်များ၊ မြှောက်ပင့်သွေးဆောင်မှုများ ဖြစ်နေသည်ကို မြင်တွေ့ရသည်။

အပြစ်ကင်းမဲ့ပြီး ရိုးသားဖြူစင်သည့် လူငယ်များအဖို့ ယင်းစာစောင်များပါ အချက်အလက်အမှားများသည် မိမိအန္တရာယ်ကို မိမိဖိတ်ခေါ်နေခြင်းဟူ၍ သိကြမည်မဟုတ်နိုင်ပါ။ လူငယ်ထုအား ပြောက်ကျားစနစ်၊ လက်နက်ကိုင်တော်လှန်ရေး၊ တိုက်ပွဲဟူသည့် စကားရပ်များကို တွင်တွင်သုံးကာ ပြည်တွင်းစစ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ တွန်းအားပေးမြှောက်ထိုးပင့်ကော် လုပ်ဆောင်နေသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ ပြီးခဲ့သည့် ရက်ပိုင်းက ရန်ကုန်မြို့အတွင်း လူငယ်အချို့ လက်လုပ်ဗုံးလုပ်ကိုင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ပစ်ပေါက်သည့်ဖြစ်စဉ်များ၊ ဖမ်းဆီးရမိသည့် လက်လုပ်တော်လှန်ရေးကိရိယာများကို ကြည့်၍ အတော်ပင် စိုးရိမ်မကင်းဖြစ်မိခဲ့ရသည်။ အဆိပ်အတောက်ဖြစ်စေသည့်စာစောင်များ၊ လေလှိုင်းပေါ်မှ သွေးထိုးမြှောက်ပင့်နေသူများ၏ လောင်းရိပ်မိကြရာခြင်းမှာ အန္တရာယ်များလွန်းလှသည်။

**ပြီးခဲ့သည့်ရက်က စမ်းချောင်းမြို့နယ်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးရုံးကို မီးရှို့ကြသည်။ ဒေါပုံမြို့နယ်အတွင်းက အုပ်ချုပ်ရေးရုံးကိုလည်း မီးရှို့ကြသည်။ အခြားမြို့နယ်အသီးသီးတွင်လည်း ထိုကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် ကြမ်းတမ်းရိုင်းစိုင်းသည့် လုပ်ဆောင်မှုမျိုးကို လုပ်ဆောင်ကြသည်။ ထိုသတင်းကို အဆိပ်အတောက်စာပေ ထုတ်ဝေသူများက တခမ်းတနားဖော်ပြသည်။ အဖျက်အမှောင့်လုပ်ရပ်၊ တိုင်းပြည်နှင့် ပြည်သူများ အေးချမ်းတည်ငြိမ်မှုကို ဖျက်ဆီးသည့်လုပ်ရပ်များကို အားပေးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ကျဆုံးခြင်း၊ ဒဏ်ရာရခြင်းများကို ဝမ်းသာအားရဖော်ပြပေးနေခြင်းသည် တိုင်းပြည်ကို အမှောင်တကာ့အမှောင်ဆုံးအထိ ဆွဲချနေခြင်းပင်ဖြစ်။**

**အဆိပ်အတောက်စာပေ ထုတ်ဝေသူများ**

ပြီးခဲ့သည့်ရက်က စမ်းချောင်းမြို့နယ်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးရုံးကို မီးရှို့ကြသည်။ ဒေါပုံမြို့နယ်အတွင်းက အုပ်ချုပ်ရေးရုံးကိုလည်း မီးရှို့ကြသည်။ အခြားမြို့နယ်အသီးသီးတွင်လည်း ထိုကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် ကြမ်းတမ်းရိုင်းစိုင်းသည့် လုပ်ဆောင်မှုမျိုးကို လုပ်ဆောင်ကြသည်။ ထိုသတင်းကို အဆိပ်အတောက်စာပေ ထုတ်ဝေသူများက တခမ်းတနားဖော်ပြသည်။ အဖျက်အမှောင့်လုပ်ရပ်၊ တိုင်းပြည်နှင့် ပြည်သူများ အေးချမ်းတည်ငြိမ်မှုကို ဖျက်ဆီးသည့်လုပ်ရပ်များကို အားပေးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ကျဆုံးခြင်း၊ ဒဏ်ရာရခြင်းများကို ဝမ်းသာအားရဖော်ပြပေးနေခြင်းသည် တိုင်းပြည်ကို အမှောင်တကာ့အမှောင်ဆုံးအထိ ဆွဲချနေခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှု၊ စည်းကမ်းလိုက်နာမှု၊ နိုင်ငံတကာနှင့် သင့်တင့်လျောက်ပတ်စွာ ကူးလူးဆက်ဆံနိုင်မှု၊ ပညာသင်ကြားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုစသည့် မည်သည့်ကဏ္ဍတွင်မဆို တုံ့ဆိုင်းသွားနိုင်ပါသည်။ တရားဥပဒေစိုးမိုးမှုအတွက် ဆောင်ရွက်ပေးနေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းဖြင့် တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့်အတိုင်း ရပ်ရွာအတွင်း သူတစ်လူ ငါတစ်မင်း မင်းမဲ့စရိုက်များ ကြီးထွားလာနိုင်သည်ကိုလည်း ပြည်သူများ သတိပြုကြဖို့ လိုအပ်နေပြီဖြစ်ပါသည်။

**သင်္ကြန်နှင့် မြန်မာပြည်သူများကား ခွဲ၍မရ**

သင်္ကြန်ရက်မတိုင်မီက ထုတ်ဝေသည့် အဆိပ်အတောက်စာစောင်တစ်စောင် မိုလိုတော့ဗ်ကို ဖတ်ကြည့်မိသည်။ ပျော်စရာမဟုတ်တဲ့ တော်လှန်သင်္ကြန်ဆိုသည့် သင်္ကြန်ရက်အတွင်း ပြည်သူများ၏ ခံစားချက်များ ဖျော့တော့ပျောက်ကွယ်သွားမည်ကို စိုးရိမ်သည့်ဟန်ကို မြင်တွေ့ရသည်။ သင်္ကြန်ကို မပျော်ရွှင်ကြဘဲနေဖို့၊ ဆက်၍တော်လှန်ကြဖို့ဆိုပြီး သွေးထိုးပေးထားသည်။ သင်္ကြန်နှင့် မြန်မာပြည်သူများကား ခွဲ၍မရ။ သူတို့တောင်းဆိုချက်များသည် အချည်းနှီးပင်။ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားကျောင်းကန်များသို့ သွားလာလည်ပတ်ကြသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ရေကစားကြသူများနှင့် သင်္ကြန်ကား စည်ကားသိုက်မြိုက်မြဲပင်။ ဆိုလိုသည်မှာ သူတို့လိုလားချက် မပြည့်ဝလိုက်ရ။

ယခုဆိုလျှင် မြို့ကြီးများတွင် ည ၈ နာရီ တဝုန်းဝုန်း တဒုန်းဒုန်းဖြင့် ဆူဆူညံညံ သံပုံးထုသံများ နည်းပါးတိုးတိတ်လာချေပြီ။ အင်တာနက်မှတစ်ဆင့် အမုန်းတရားများ၊ တိုင်းပြည်ဆူပူမှုများကြောင့် အကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုထားသဖြင့် ပြည်သူများ အဆိပ်မိီး ယခင်လောက် မသင့်ကြတော့။ မြို့ကြီးများတွင် စက်ရုံ၊ အလုပ်ရုံများ ပုံမှန်ပြန်လည် လည်ပတ်ကြတော့မည်။ ဈေးဆိုင်များ ယခင်လို စည်ကားလာခဲ့ပြီ။ ကောင်းသောအခြေအနေပင် ဖြစ်သည်။ ထိုသို့ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ တစ်နေ့တခြားများပြားလာလေလေ အဖျက်အမှောင့်သမားတို့ လက်မှိုင်ချရလေလေပင် ဖြစ်တော့မည်။ ဒါကြောင့်ပင် အဆိပ်အတောက်၊ အဖျက်အမှောင့်တို့ကို စာဖြင့် ရေးသားဖြန့်ဝေကြရလေတော့သည်။ မြှောက်ပင့်သွေးထိုးနေသူအများစုမှာ လက်နက်ကိုင်ဖို့ဝေးစွ လေလှိုင်းထဲမှသာ လက်သီးပုန်းထုတ်နိုင်ကြသူများ ဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။ လူငယ်များကို သူ့ရဲကောင်းများအဖြစ်လမ်းပေါ်ထွက် ဖျက်လိုဖျက်ဆီးမှုများ ဆောင်ရွက်ခိုင်း၊ အကြမ်းဖက်ခိုင်းနေကြသည်။

စာမျက်နှာ ၇ သို့ ❄

**ပြင်းပြင်းထန်ထန် ကိုယ်ကာယလေ့ကျင့်ခန်းပင် ပုံမှန်မလုပ်ဖြစ်ကြသည့် လူငယ်များကို တစ်ဖက်တွင် သက်လုံအပြည့်၊ အမိန့်နာခံမှုအပြည့်၊ စည်းလုံးညီညွတ်မှုအပြည့်ဖြင့် စနစ်ကျနသည့် လေ့ကျင့်မှုများ၊ အတွေ့အကြုံများ အားကောင်းသည့် တပ်မတော်နှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို တော်လှန်ခိုင်းနေခြင်းသည် မှန်ကန်သည့်လုပ်ရပ် ဖြစ်ပါရဲ့လားဟု မြှောက်ပင့်သွေးထိုးသူများကို မေးခွန်းထုတ်လိုပါသည်။ မျှော်မှန်းသည့် ဒီမိုကရေစီသည် မည်သို့သော ဒီမိုကရေစီမျိုးများလဲဟု မေးမြန်းချင်မိပါသည်။ အချိန်အတိုင်းအတာ သတ်မှတ်ချက်တစ်ခုအတွင်း တရားမျှတပြီး လွတ်လပ်မှုအပြည့်ဖြင့် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပပေးပါမည်ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကတိစကားကို ဂျန်-ဇီများ လေ့လာစောင့်ကြည့်သင့်သည်ဟု အကြံပြုလိုပါသည်။ နိုင်ငံအတွက်၊ လူမျိုးအတွက် လက်ရှိနှစ်လတာ ဖြတ်သန်းမှုများကို မည်မျှစောင့်ကြည့်ခဲ့ကြသလဲဟု ဂျန်-ဇီများကို သတိပေးလိုပါသည်။ သတိမမူ ဂူမမြင်ဟူသော ဝေါဟာရသည် အလကားပေါ်ထွက်ခဲ့ခြင်းမဟုတ်ပါ။ မိမိတို့နိုင်ငံအတွက်၊ တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များကို သတိပြုစေလို။**

# ဆေးရုံများ ပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရ

**ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ပါက တိုင်းပြည်အတွက် များစွာနစ်နာပါကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်တွင် ဝန်ထမ်းများကြား NGO၊ INGO များက စည်းကမ်းမဲ့ ဒီမိုကရေစီပုံစံများဖြစ်အောင် ရိုက်သွင်းခဲ့ကြောင်း၊ ဆူပူအကြမ်းဖက်သူများအနေဖြင့် ထဘီများတွင် ဘုန်းတော်ကြီးပုံများ ချိတ်ဆွဲ ဆောင်ရွက်မှုများသည် သာသနာတော်အပေါ် စော်ကားခြင်းဖြစ်ကြောင်း၊ ဆေးရုံများ ပိတ်ထားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရကြောင်း၊ ယင်းကို တပ်မတော်အနေဖြင့် တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် နာဂဒေသသို့ သမ္မတဦးသိန်းစိန်နှင့် ရောက်ရှိခဲ့စဉ်က နာဂဒေသ၌ ဆရာဝန်များ လိုအပ်ချက်များရှိကြောင်း၊ တပ်မတော်အနေဖြင့် ဆရာဝန်အရာရှိ ၄၄ ယောက် စေလွှတ်ပေးခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများကိုကြည့်သည့်အခါ ၁၉၉၇ ခုနှစ်တွင် ၁၅၉၂၁၁၉ ဦး ကျောင်းနေခဲ့သော်လည်း ၅ တန်းတက်သည့်အချိန်တွင် ၃၄ ဒသမ ၇၁ ရာခိုင်နှုန်းသာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၆၅ ရာခိုင်နှုန်းမှာ ၅ တန်းတွင်သာ ရပ်သွားပြီး ဆယ်တန်းရောက်ချိန်တွင် ၁၇ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့ပါကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ်ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ် ထုတ်ဝေ


**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါ မိန့်ခွန်းစာအုပ်တွင် ၂၀၂၂ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း ၁၇ ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၃/၂၀၂၂) တွင် “မိမိတို့ စတင်တာဝန်ယူသည့်အချိန်မှစ၍ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် COVID–19 ကြောင့် ယိုင်နဲ့သွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ရမည်ဟု ပါရှိကြောင်း၊ တိုင်းပြည်၏ အဓိကမောင်းနှင်အားသုံးခုတွင် စီးပွားရေးသည်ပို၍အဓိကကျကြောင်း၊ ဦးတည်ချက် ၉ ရပ်တွင်ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကလုပ်ရန်၊ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင်ဖော်ဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် အဆိုပါအချက်များနှင့်ဆက်စပ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်း SME များကိုလည်း အားပေးကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်လာပါက ဝယ်လိုအားများ ကောင်းမွန်လာပြီး ရောင်းလိုအားကောင်း၍ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ ရေတို/ရေရှည် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်သွားကြရန်နှင့် အခြားဌာနများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ပေးဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ” ပြောကြားသည့် အမှာစကား၊ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၂) တွင် “မဲစာရင်းများစိစစ်ရာတွင် မဲမသမာမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိစေရေး မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများတွင်လည်း လူဦးရေစာရင်း မှန်ကန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုကာလများတွင် ကောင်စီဝင်များအနေဖြင့် တာဝန်အသီးသီးခွဲဝေ၍ ပူးပေါင်းဆောင်ရွက်ရကြမည်ဖြစ်ကြောင်း” စသည့် အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများ၊ သဝဏ်လွှာများကို စုစည်းထုတ်နုတ်ထားသည်။



ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

❄ စာမျက်နှာ ၆ မှ

**ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး**

**ပြင်းပြင်းထန်ထန် ကိုယ်ကာယလေ့ကျင့်ခန်းပင် ပုံမှန်မလုပ်ဖြစ်ကြသည့် လူငယ်များကို တစ်ဖက်တွင် သက်လုံအပြည့်၊ အမိန့်နာခံမှုအပြည့်၊ စည်းလုံးညီညွတ်မှုအပြည့်ဖြင့် စနစ်ကျနသည့် လေ့ကျင့်မှုများ၊ အတွေ့အကြုံများ အားကောင်းသည့် တပ်မတော်နှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို တော်လှန်ခိုင်းနေခြင်းသည် မှန်ကန်သည့်လုပ်ရပ်ဖြစ်ပါရဲ့လားဟု မြှောက်ပင့်သွေးထိုးသူများကို မေးခွန်းထုတ်လိုပါသည်။ မျှော်မှန်းသည့် ဒီမိုကရေစီသည် မည်သို့သော ဒီမိုကရေစီမျိုးများလဲဟု မေးမြန်းချင်မိပါသည်။ အချိန်အတိုင်းအတာ သတ်မှတ်ချက်တစ်ခုအတွင်း တရားမျှတပြီး လွတ်လပ်မှုအပြည့်ဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပပေးပါမည်ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကတိစကားကို ဂျန်–ဇီများ လေ့လာစောင့်ကြည့်သင့်သည်ဟု အကြံပြုလိုပါသည်။ နိုင်ငံအတွက်၊ လူမျိုးအတွက် လက်ရှိနှစ်လတာ ဖြတ်သန်းမှုများကို မည်မျှစောင့်ကြည့်ခဲ့ကြသလဲဟု ဂျန်–ဇီများကို သတိပေးလိုပါသည်။ သတိမမူ ဂူမမြင် ဟူသော ဝေါဟာရသည် အလကားပေါ်ထွက်ခဲ့ခြင်း မဟုတ်ပါ။ မိမိတို့နိုင်ငံအတွက်၊ တိုင်းရင်းသားလူမျိုးများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များကို သတိပြုစေလိုပါသည်။**

**အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ**

နှစ်သစ်ကူးအခါသမယတွင် အေးချမ်းစွာ တရားအားထုတ်နေကြသည့် သက်ကြီးရွယ်အိုများ၊ ပျော်ရွှင်စွာဆော့ကစားနေကြသည့် ကလေးသူငယ်များ၊ အေးချမ်းစွာအလုပ်ဆင်းလိုကြသည့် လုပ်သားများ၊ လုံခြုံစွာနေထိုင်လိုကြသည့် ပြည်သူများ အမြောက်အမြားရှိကြမည် ဖြစ်ပါသည်။ ထိုသူများအတွက်၊ အထူးသဖြင့် နိုင်ငံတော်ကြီးအတွက် ယမ်းခိုးများဝေ၍ ပြည်သူများ၏ မျက်ရည်များဖြင့် မည်သူမျှမဖြတ်သန်းလိုကြဟု ယုံကြည်မိပါသည်။ ဖြောင့်တန်းနေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်စေဖို့ လမ်းကြောင်းကို ဖယ်ရှား၍ တိုင်းပြည်နစ်မွန်းရမည့်အခြေအနေ၊ ပြည်သူများ ဆင်းရဲတွင်းနက်ရမည့်အခြေအနေ၊ လူငယ်များ ပညာသင်ဖို့နှောင့်နှေးရမည့်အခြေအနေများကို ရပ်တန်းက ရပ်သင့်ပါပြီ။ ထို့ကြောင့် ပြည်သူများ အမှားနှင့်အမှန်၊ ဓမ္မနှင့် အဓမ္မတို့ကို ခွဲခြားသိမြင်၍ အမြန်ဆုံး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းကူညီကြမည်ဟု မျှော်လင့်မိပါတော့သည်။ ။

# မာရဝိဇယ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ သတ္တမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ




**နေပြည်တော် မေ ၁၉**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော် ကောင်စီနယ်မြေသို့ သတ္တမအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၌ ကျင်းပသည်။

**ကြွရောက်တော်မူ**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိ-နယပဒေသကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးကံမြင့်သန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါဠိ-နယပဒေသကျောင်း ဆရာတော် အမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နာယူကြည်ညို ကြသည်။

ဆက်လက်၍ ပထမဦးဆုံး ထွက်ခွာမည့် မာရဝိဇယထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် မာရဝိဇယထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး မာရဝိဇယထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်လောင်းလျာ ပင်မကျောက်တော်ကြီးမှ တန်ချိန် ၅၇၀ ရှိ ရုပ်ပွားတော်အပိုင်း(၂)၊ တန်ချိန် ၆၃၃ တန်ရှိရုပ်ပွားတော်အပိုင်း(၃) တို့ကို တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင်ပင့်ဆောင် ထွက်ခွာတော်မူကြရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိ-နယပဒေသကျောင်းဆရာတော်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာဦးထိပ်ထား၍ ကြည်ညို ကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မီးသတ်တပ်ဖွဲ့ဝင်များက အောင်မင်္ဂလာဆုတောင်းပြည့်ဘုရားစေတီအား ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၁၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် မီးသတ်တပ်ဖွဲ့ဝင်များက အောင်မင်္ဂလာဆုတောင်းပြည့် ဘုရားစေတီအား ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက မင်းတဲအီကင်းရပ်ကွက် အကွက်(၉၈) ၁၉ လမ်းနှင့် လမ်း ၉၀ ထောင့်ရှိအောင်မင်္ဂလာဆုတောင်း ပြည့်ဘုရားစေတီ၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံ မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့၊ စခန်းတာဝန်ခံ တပ်ခွဲ(၁)တပ်ခွဲမှူး တင်မောင်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ ရေသယ်ယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီးတို့ကိုအသုံးပြု၍ အောင်မင်္ဂလာဆုတောင်းပြည့် ဘုရားစေတီအား ရေသပ္ပာယ်ခြင်း၊ ဘုရားရုပ်ပွား တော်များအား ရောင်ခြည်တော်ဖွင့်ခြင်းနှင့် ဘုရား ရင်ပြင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မေ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး ကာလများအတွင်း ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် အခြားဘာသာများအလိုက် ဘာသာရေး ကျောင်းများအား ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုသို့ပြန်လည် ဖွင့်လှစ်ပေးခဲ့သဖြင့် ယနေ့တွင် ဗုဒ္ဓဘာသာဘုရား စေတီ၊ ကျောင်းကန်များတွင် ဘုရားဖူးလာ သံဃာ တော်များ၊ သာသနာ့ဒွန်ယပင် သီလရှင်များနှင့် မိဘ ပြည်သူများက စည်ကားသိုက်မြိုက်စွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

အလားတူ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေး ကျောင်းများ၊ ဝတ်ပြုကျောင်းများတွင်လည်း သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁၉**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့ဒွန်ယဝင် သီလရှင် ကျောင်းများနှင့် ဘာသာရေး ကျောင်းများတွင် ဆွမ်းအဆင်ပြေ စေရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်း များက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်း များ လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ မြို့ဦး သီရိမင်္ဂလာ ကျောင်းတိုက်ရှိ သံဃာတော်များအား ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရှမ်း ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်နိုင်ဦး နှင့် အဖွဲ့ဝင်များက သွားရောက် ၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**○ ညောင်ဦးမြို့နယ်မှ**

ဒေသခံကျေးလက်နေ ပြည်သူများမှာ နွေရာသီကာလတွင် နှစ်စဉ် သောက်သုံးရေအတွက် အဝီစိစက်ရေတွင်းရှိသည့် ကျေးရွာများသို့ သွားရောက်၍ သောက်သုံးရေအား ဝယ်ယူသုံးစွဲနေရကြောင်း၊ ယခုလို ပွင့်လင်းရာသီချိန်တွင် လူနှင့် တိရစ္ဆာန်များအတွက် ရေမလုံလောက် သဖြင့် သောက်သုံးရေရှားပါးမှုများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရန်ကုန်မြို့မှ သောက်သုံးရေအလှူရှင် မျှဝေခြင်းပရဟိတအဖွဲ့က လှူဒါန်းသည့် သောက်သုံးရေဂါလန် ၂၄၀၀ အား ညောင်တိုတဲတိုက်ရှိ ဒေသခံ ပြည်သူ များအတွက် ရေဂါလန် ၁၂၀၀၊ တာလမ်းကန်တဲတိုက်ရှိ ဒေသခံပြည်သူ များအတွက် ရေဂါလန် ၁၂၀၀ သောက်သုံးရေဖူလုံစေရန် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့တော်အတွင်း အန္တရာယ်ကင်းပရိတ်ရေသွန်းလောင်း

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြို့တော်သူ မြို့တော်သားများ ကုသိုလ်ကံဆင့် မေတ္တာပွားများစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ မြန်မာနှစ်ဆန်း ၁ ရက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကမ္ဘာအေးရေကူးရေလှောင်ကန်အတွင်းနှင့် ရေတွင်းရေကန်များအတွင်းသို့ ဘေးအန္တရာယ်ကင်း ပရိတ်ရေများ သွန်းလောင်းပေးခြင်းနှင့် (စီ) လိုင်စင်ရ အသားထုတ်လုပ်ရေးလုပ်ငန်းများကို တစ်ရက်တာ ရပ်နားပေးခဲ့ကြောင်း သိရသည်။

ယနေ့ ရန်ကုန်မြို့တော်ကြီးသည် တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ကုန်းဘောင်မင်းဆက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ခရစ်နှစ် ၁၇၅၅ ခုနှစ် မေလ ၂ ရက်နေ့တွင် ရန်အပေါင်းကုန်စင်၍ ဒဂုံမှ ရန်ကုန်ဟု အမည်မှည့်ခေါ်ခဲ့သည်။ ရာစုနှစ်ခုကျော်တိုင် ဒုက္ခ၊ သုခတစ်ခုစီကို ရင်ဆိုင်ရှင်သန်ခဲ့သည်။

ယနေ့ ရန်ကုန်သည် ၂၀၂၁ ခုနှစ် မေလ ၂ ရက်နေ့ရောက်ရှိချိန်တွင် မြို့တည်သက်နှစ်ပေါင်း ၂၆၆ နှစ်ပြည့်မြောက်တော့မည်ဖြစ်ရာ မြတ်ဘုရားရွှေတိဂုံစေတီ၏ အရိပ်အောက်တွင် နေထိုင်လျက်ရှိသော မြို့တော်သူ မြို့တော်သားများ အသိရှိလျက်၊ သတိပေါ့၍မဖြစ်စေရန်၊ ရန်အပေါင်းကုန်စင်ရန်နှင့် မမြင်နိုင်သော ဘေးအန္တရာယ်အပေါင်းတို့မှ လွတ်ကင်းစေရန်တို့အတွက် ဆရာတော်ကြီးများ၏မိန့်မှာချက်နှင့်အညီ မွန်မြတ်သော မြန်မာနှစ်ဆန်း ၁ ရက်တွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၌ ပရိတ်တရားတော်များ ရွတ်ဖတ်နာယူခြင်းကို အစဉ်လာမပြတ် ကျင်းပခဲ့ပြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေကူးရေတွန်းစက်ရုံရှိ ရေလှောင်ကန်အတွင်းသို့ ဆရာတော် သံဃာတော်များက မေတ္တာပို့ခြင်းနှင့် ပရိတ်ရေများကို သွန်းလောင်းပေးတော်မူကြသည်။




မြို့တော်သူ မြို့တော်သားများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော သောက်သုံးရေများဖြန့်ဝေပေးနိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၁၉၀၄ ခုနှစ်မှစတင်၍ လှော်ကားရေလှောင်ကန်ကြီးကို အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့ရာ ယခုအချိန်အထိ ရေလှောင်ကန်ကြီးလေးကန်ကို တည်ဆောက်နိုင်ခဲ့ပြီး ဂျိုးဖြူရေလှောင်ကန်ကို ၁၉၃၇ ခုနှစ်နှင့် ဖူးကြီးရေလှောင်ကန်ကြီးကို ၁၉၈၅ ခုနှစ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်ပေးခဲ့သည်။ ငမိုးရိပ်ရေလှောင်ကန်ကြီးကို ၁၉၉၀ ပြည့်နှစ်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်ကန်ကြီးလေးကန်၊ လဂွန်းပြင်ဆည်နှင့် မြို့အတွင်းရှိ အဝီစိတွင်းများမှရရှိသော ရေဂါလန်စုစုပေါင်း ၂၀၇ သန်းကို နေ့စဉ်ရန်ကုန်မြို့တော်အတွင်းသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရေသည် လူသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သောကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အညီ "ရေကိုမဖြုန်း ချွေတာသုံး အကျိုးရှိလှဆုံး" ဟူသောဆောင်ပုဒ်နှင့်အညီ ပြည်သူများပူးပေါင်းပါဝင်ကြရန် နွေရာသီရောက်တိုင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**စောရွှေဂွန်း**



# သီပေါမြို့နယ်၌ တိုက်ပွဲရှောင်များအား လှူဒါန်းကူညီ

**သီပေါ ဧပြီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တောင်ဘက်ခြမ်းရှိ မန်လီဘုန်းတော်ကြီးကျောင်းတိုက်တွင် တိုက်ပွဲရှောင် သံဃာတော်အပါး ၁၀၀ နှင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် အိမ်ခြေ ၈၀ ကျော်မှ ကလေးလူကြီး ၆၀၀ တို့အတွက် အလှူရှင်များဖြစ်ကြသော မန္တလေးမြို့မှ ဆရာတော်ဘဒ္ဒန္တသောဘိတနှင့် ဒေါက်တာအရှင်ဓမ္မိသရတို့ဦးဆောင်၍ ကွယ်လွန်သူ ဖခင်ကြီး (ဦးချင်း)အားရည်စူးလျက် လားရှိုးမြို့ ရပ်ကွက်(၄)နေ ဒေါ်ခင်စိန်မိသားစု၊ ကျောက်မဲမြို့နေ ဦးစံမြင့်၊ ဒေါ်ခင်မိုးမိုး(ကောင်းသန့်စတိုး)မိသားစု၊ ကျောက်မဲမြို့နေ ဆရာမဒေါ်ခင်နုနွယ်တို့က မာမီးခေါက်ဆွဲလေးဖာ၊ ငါးသေတ္တာဘူးများနှင့် အာဟာရမုန့်ထုပ်များကို ဧပြီ ၁၈ ရက်က မန်လီကျောင်းတိုက်သို့ သွားရောက်လှူဒါန်းကူညီပေးခဲ့ကြသည်။

မန်လီကျောင်းတိုက်သို့ ရောက်ရှိနေသော တိုက်ပွဲရှောင်များအတွက် လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများကို ဆရာတော်နှစ်ပါးဦးဆောင်၍ ဒုတိယအကြိမ်အဖြစ် ထပ်မံသွားရောက်လှူဒါန်းကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

**သီပေါကိုလတ်**

❂ **ကျောဖုံးမှ**

လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်ရာမှာ ဒုတိယမြို့တော်ဝန် ဦးညီညီဦးဆောင်သည့် စိမ်းလန်းသာယာသန့်ရှင်းလှပရေး လုပ်ငန်းကော်မတီလည်း ပါဝင်ကြောင်း၊ ရန်ကုန်မြို့ စိမ်းလန်းသာယာရေးလုပ်ငန်းမှာ ရေစီးရေလာလုပ်ငန်းသည် အရေးကြီးကြောင်း၊ ရေစီးရေလာကောင်းမွန်မှသာ မိုးရာသီကာလ ရေလျှံမှုကို ကာကွယ်နိုင်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်သာမက ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်မှာဖြစ်ကြောင်း၊ ယခုအခါ ရှေးယခင်ကထက် ရေစီးရေလာကောင်းမွန်လာခြင်းကြောင့် ရန်ကုန်မြို့တွင် ရေကြီးခြင်းမရှိသော်လည်း မိုးသည်းထန်သည့်အခါ ရုတ်ခြည်းရေလျှံပြီး မိုးရပ်သည်နှင့် ပြန်ကျသွားကြောင်း၊ ထိုသို့ ရေလျှံမှုများမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ချောင်းများ ပြန်လည်တူးဖော်ချဲ့ထွင်ခြင်း၊ ချောင်းကမ်းထိန်းသိမ်းရန် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ Retention Basin များထားရှိခြင်းတို့ ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း အောင်သိဒ္ဓိချောင်းသည်လည်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အရေးကြီးကြောင်း၊ ယခုဆောင်ရွက်နေသည့် အမှိုက်ဆယ်ယူရေးလုပ်ငန်းပြီးပါက ရေစီးဆင်းမှုပိုမိုကောင်းမွန်စေရန် ချောင်းကမ်းအားချဲ့၍ မြေထိန်းနံရံပြုလုပ်ရန် ယခုချောင်းရေလွှဲထားသော မြောင်းအပြင်၊ ပိတ်နေသော ချောင်းရိုးအား ပြန်တူးဖော်ရန်နှင့် ရေကြီးရေလျှံမှုကို ကာကွယ်နိုင်ရေးအတွက် ဝန်းကျင်တွင် Detention Pond ထားရှိနိုင်ရေး ရွေးချယ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် နံနက် ၈ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း သီရိရတနာဈေးအနောက်ဘက် ရိုးလေးချောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း ရေပေါက်ကြည်ချောင်း ရေထိန်းတံခါးသို့ ရောက်ရှိပြီး မရမ်းကုန်းနှင့် ရန်ကင်းမြို့နယ်တို့မှ ရေများ ကျိုက္ကဆံချောင်း၊ ဆည်မြောင်းချောင်းတို့မှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်း စီးဆင်းမှုကောင်းမွန်စေရန်နှင့် ငမိုးရိပ်ချောင်းရေတက်၍ ဝင်ရောက်မှုကို ထိန်းသိမ်းနိုင်ရန် ရေထိန်းတံခါးမှ အဓိက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်ပါက ရေလျှံမှုကို ထိန်းနိုင်ရန် ရေထိန်းတံခါးအနီး Low Retention တစ်ခု ပြုလုပ်ထားရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် သာကေတမြို့နယ် မင်းနန္ဒာလမ်း ရောဝဏ်ရိပ်သာအတွင်း စလင်းမြစ်ထွက်ပေါက်မှ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်း မြောင်းဆယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက် အမြင်တင့်တယ်မှုမရှိသည်များကိုပါ တစ်ပါတည်းရှင်းလင်းသွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် ကမ်းနားလမ်း ပန်းဆိုးတန်းမြစ်ထွက်ပေါက်နှင့် ရွာသစ်ချောင်းမြစ်ထွက်ပေါက်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကမ်းနားလမ်းတွင် ညဈေးတန်းရှိနေခြင်းကြောင့် အမှိုက်များ မဝင်ရောက်စေရေး ညှိနှိုင်းဆောင်ရွက်ရန်၊ မြစ်ရေတက်၍ ရေတံခါးများပိတ်ထားချိန် မြို့တွင်းရေလျှံပါက ရေစုပ်ပန့်ဖြင့် စုပ်ထုတ်နိုင်ရေးဆောင်ရွက်ရန်၊ ရွာသစ်ချောင်းမြစ်ထွက်ပေါက်သည် ကျုံးကြီးမြောင်းမှ စီးဆင်းလာခြင်းဖြစ်ပြီး ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် ရေလမ်းကြောင်းဖော်ပေးရန်တို့အား လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○



ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သံဃာတော်များက ဧပြီ ၁၇ ရက်တွင် မြို့နယ်အတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည်ရွတ်ဆိုပူဇော်ပြီး ကြီးငါးကြီးဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ စိုးသန်းထွန်း(လူမှုထူးချွန်တတိယ)နှင့်အဖွဲ့က ဘုရားတွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ တင်ဝင်းတင်

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# မိမိကစ ကာကွယ်ပါ၊ ကိုဗစ် ၁၉ ကပ်ရောဂါ တကယ်ကြောက်စရာ …

…………… ကိုတိုး ……………

နှစ်သစ်ကူးမဟာသင်္ကြန်ကာလကတော့ ဟိုအရင်နှစ်များကလို စိတ်လွတ်ကိုယ်လွတ် အားပါးတရ ခြိမ့်ခြိမ့်သဲသဲ မဆင်နွှဲနိုင်ခဲ့ကြပေမယ့်လည်း ကျေကျေနပ်နပ်နဲ့ပဲ အောင်မြင်ပြီးမြောက်လို့ နှစ်သစ်ကို ရောက်ခဲ့ကြပါပြီ။

ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ မင်္ဂလာရှိတဲ့အချိန်ကာလမှာ မင်္ဂလာမရှိတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတချို့ရဲ့ အမင်္ဂလာလုပ်ရပ်တွေကြောင့်ရယ်၊ အရှိန်မသေသေးတဲ့ ကိုဗစ်ကပ်ရောဂါဆိုးကြောင့်ရယ် ကျွန်တော်တို့တစ်တွေ ဆင်ဆင်ခြင်ခြင်၊ ကြောက်ကြောက်လန့်လန့်နဲ့ပဲ နှစ်သစ်ကို ရောက်ရှိ ကူးပြောင်းခဲ့ကြပါပြီ။ ဘာပဲဖြစ်ဖြစ်ပေါ့။ တည်ငြိမ်အေးချမ်းတော့မယ့် အရိပ်အရောင်တွေနဲ့အတူ နှစ်သစ်ကို ဝမ်းမြောက်ကြည်နူးစွာဖြတ်သန်းဖို့ ကြိုးစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အစီအစဉ်အောက်မှာ အရင်နှစ်တွေတုန်းကလို သင်္ကြန်ကာလမှာ မဏ္ဍပ်ကြီးတွေနဲ့ လူထောင်သောင်းချီပြီး ပူးပူးကပ်ကပ် သီဆိုကခုန်ပျော်ရွှင်စွာ ရေပက်ကစားခြင်းမျိုးကို ရှောင်ရှားပြီး စည်းကမ်းနဲ့အညီ ရေပက်ကစားခဲ့ကြတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ အမျိုးသားရေး အသိစိတ်ဓာတ်ကိုလည်း ကျေးဇူးတင်ပါတယ်။ အခြေအနေအရ နိုင်ငံတော်အတွက် ဒီလိုဆင်ဆင်ခြင်ခြင် ကျင့်ကြံနေထိုင်ခြင်းကြောင့် နိုင်ငံတော်အတွင်းမှာ ကိုဗစ်ရောဂါ အခြေအနေ ပိုမိုဆိုးရွားမလာနိုင်ဘူးလို့လည်း ယုံကြည်မိပါတယ်။ ဒါပေမယ့် ဒီနေ့နိုင်ငံတကာမှာ ဒီရောဂါ ထပ်တိုးကူးစက်ပြန့်ပွားလာနေတာတွေကိုတော့ သတိထားပြီး ဆက်လက်ထိန်းသိမ်းကာကွယ်သွားကြဖို့ လိုအပ်မယ်လို့ ယူဆမိပါတယ်။

**တစ်ကျော့ပြန်အားကောင်းလာတဲ့ ဒီရောဂါ**

ဒီသင်္ကြန်ပိတ်ရက်ကာလအတွင်းမှာ ကိုဗစ်နဲ့ပတ်သက်တဲ့ နိုင်ငံတကာသတင်းတွေ လက်လှမ်းမီသလောက်လေ့လာကြည့်မိပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာဆို အင်ဒိုနီးရှားနိုင်ငံမှာ တစ်ရက်အတွင်း ကိုဗစ်ရောဂါ ထပ်မံကူးစက်ခံရသူ ၆၁၇၇ ဦး ရှိကြောင်းနဲ့ အတည်ပြုလူနာ ၁ ဒသမ ၅၈ သန်းကျော် ရှိပြီး သေဆုံးသူ ၄၃၀၇၃ ဦး ရှိကြောင်း သိရပါတယ်။ အလားတူ ဖိလစ်ပိုင်နိုင်ငံမှာလည်း တစ်ရက်တည်း ၁၂၆၇၄ ဦး ထပ်မံတွေ့ရှိပြီး တစ်နိုင်ငံလုံး ကူးစက်ခံရသူ ၈၈၄၇၈၃ ဦး ရှိကြောင်း၊ မလေးရှားနိုင်ငံမှာလည်း တစ်ရက်အတွင်း ကိုဗစ်ရောဂါကူးစက်ခံရသူ ၁၇၃၉ ဦး ထပ်မံတိုးလာပြီး ကူးစက်ခံရသူပေါင်း ၃၆၀၈၅၆ ဦးရှိပြီး သေဆုံးသူ ၁၃၂၉ ဦးရှိခဲ့ကြောင်း သတင်းများအရ သိရပါတယ်။ မိမိတို့နိုင်ငံရဲ့ အရှေ့ဘက်ခြမ်း ထိစပ်နေတဲ့နိုင်ငံတွေအခြေအနေကတော့ သိပ်မဆိုးလောက်ဘူး ထင်ရပါတယ်။



> **သွားရေးလာရေး ကန့်သတ်ထိန်းချုပ်မှုတွေကြောင့် ပြည်သူလူထုမှာ မိသားစုကိစ္စတွေနဲ့ လူမှုရေးကိစ္စတွေမှာ အခက်အခဲကြုံတွေ့ရပါတယ်။ ဒီကြားထဲမှာ ဆူပူအကြမ်းဖက်မှုတွေကြောင့် ဘဏ်တွေပိတ်ထားရ၊ စက်ရုံအလုပ်ရုံတွေ မီးရှို့ဖျက်ဆီးခံရတာတွေကြောင့်လည်း မြေပူရာ ကင်းမှောင့်ဆိုသလို တစ်နိုင်ငံလုံး စီးပွားရေးကျဆင်းပြီး ကမောက်ကမနဲ့ ဆင်းရဲဒုက္ခ များလှပါပြီ။ အချိန်ကာလကလည်း တစ်နှစ်ကျော်လာတော့ ထိခိုက်နစ်နာမှုက ကြီးမားလှ။**

အလားတူ ကမ္ဘောဒီးယားမှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများလာနေလို့ ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးစည်းကမ်းချိုးဖောက်သူတွေကို ထောင်ဒဏ်ချမှတ်မယ်လို့ သတိပေးထားပြီး ရောဂါပျံ့နှံ့ကူးစက်မှုကို ထိန်းချုပ်ဖို့ မြို့တော် ဖနောင်ပင်နဲ့ အိမ်နီးချင်းပြည်နယ်တွေကို ၁၄ ရက်ကြာ ကန့်သတ်ပိတ်ဆို့လိုက်တယ်လို့ သိရပါတယ်။ အလားတူ အာရှဒေသတွင်းက ဂျပန်၊ တောင်ကိုရီးယားနဲ့ ရုရှားနိုင်ငံတို့မှာလည်း ကူးစက်မှုတိုးပွားလာနေကြောင်း သတင်းများမှာ ဖော်ပြနေပါတယ်။ ထို့အတူ ဥရောပ၊ အာဖရိကနဲ့ တခြားကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု တိုးလာနေပါတယ်။

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဧပြီ ၁၇ ရက်နေ့က ထပ်မံကူးစက်ခံရသူ ၃၄၇၃ ဦးရှိပြီး ကူးစက်ဖြစ်ပွားသူ ၇၁၅၂၅၂ ဦး ရှိကြောင်း၊ သေဆုံးသူ ၁၀၂၈၃ ဦး ရှိကြောင်း သိရပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ဒီရက်ပိုင်းအတွင်း တစ်ရက်တည်းမှာ ရောဂါကူးစက်ခံရသူ ၁၆၁၇၃၆ ဦးအထိရှိပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူပေါင်း ၁၃၆၈၉၄၅၃ ဦး ရှိကြောင်း၊ သေဆုံးသူစုစုပေါင်း ၁၇၁၀၅၈ ဦး ရှိကြောင်း သတင်းများအရ သိရပါတယ်။ ဒါတွေဟာ အခြားနိုင်ငံတွေရဲ့ ရောဂါအခြေအနေကို ပြစ်တင်ပြောဆိုလိုခြင်း မဟုတ်ဘဲ ဒီရောဂါဆိုးကြီးဟာ အရှိန်မသေသေးဘဲ ကူးစက်မှုပျံ့နှံ့ဆဲဖြစ်ကြောင်းကို မိမိတို့နိုင်ငံ ပြည်သူလူထုက သတိထားမိအောင် ဖော်ပြပေးခြင်း ဖြစ်ပါတယ်။

တရားဝင်လမ်းကြောင်းတွေက ဝင်ထွက်သွားလာမှုတွေကို ပိတ်ဆို့ကန့်သတ်ထားပေမယ့်လည်း နယ်မြေချင်း ရှည်လျားစွာထိစပ်နေတဲ့နိုင်ငံတွေရှိနေတာကြောင့် တရားမဝင် ဖြတ်သန်းဝင်ရောက်မှုတွေကတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်စေအောင် တော်တော်ဂရုစိုက်ထိန်းချုပ်ကြရမှာပါ။

**ကာကွယ်ထိန်းချုပ်မှု ကောင်းခဲ့လို့ ကူးစက်မှုနည်းခဲ့တဲ့ မိမိတို့နိုင်ငံ**

ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ခံခဲ့ရတာက တစ်နှစ်လောက်ရှိခဲ့ပါပြီ။ ၁၇-၄-၂၀၂၁ ရက်နေ့အထိ ရောဂါအတည်ပြုလူနာ ၁၄၂၆၂၈ ဦး၊ ရောဂါပိုးကင်းစင်သွားသူ ၁၃၁၈၉၅ ဦး၊ ပိုးတွေ့သေဆုံးလူနာ ၃၂၀၆ ဦး ရှိကြောင်း သိရပါတယ်။ လက်ရှိအခြေအနေမှာတော့ (စစ်ဆေးနိုင်တဲ့ အရေအတွက်နည်းပါးတာလည်းပါတာပေါ့လေ) နေ့စဉ် ကူးစက်လူနာ ဆယ်ဂဏန်းအောက်မှာပဲရှိကြောင်း သိရပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာတော့ ကူးစက်ခံရမှုအခြေအနေက အဆင့် (၄) ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒီကပ်ရောဂါဆိုးကြီး စတင်ကူးစက်လာကတည်းက နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတစ်ရပ်လုံးက နည်းလမ်းမျိုးစုံနဲ့ တားဆီးကာကွယ်ပိတ်ဆို့ခဲ့ပါတယ်။ စတင်ကူးစက်လာတာက ပြည်ပက ကူးစက်တာဖြစ်တော့ နိုင်ငံတကာအဝင်အထွက်လမ်းတွေ၊ လေယာဉ်တွေ၊ နယ်စပ်ဖြတ်ကျော်မှုတွေကို ပိတ်ဆို့ကန့်သတ်ခဲ့ပါတယ်။ နယ်စပ်တွေကတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူတွေကို အဝင်ဂိတ်တွေမှာ ရောဂါရှိ၊ မရှိ စစ်ဆေးပါတယ်။ သီးသန့်နေရာတွေမှာထားပြီး စောင့်ကြည့်ကာလအတွင်း ယခင်သတ်မှတ်ချက်တွေအတိုင်း ရောဂါ ရှိ၊ မရှိ စမ်းသပ်ခဲ့ပါတယ်။ ရောဂါပိုးတွေ့ရှိသူတွေကို သီးသန့်ဆေးရုံတွေမှာ ကုသပြီး ရောဂါပိုး မတွေ့ရှိသူတွေကို နေရပ်ပြန်စေခဲ့ပါတယ်။ နေရပ်ပြန်ရောက်ရင်လည်း သက်ဆိုင်ရာဒေသ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ အုပ်ချုပ်ရေးဆိုင်ရာတွေက ထပ်မံစစ်ဆေးစောင့်ကြပ်ပြီး ကင်းရှင်းမှသာ မိဘဆွေမျိုးတွေနဲ့ တွေ့ထိစေခဲ့ပါတယ်။

ရောဂါကူးစက်မှု အမြင့်ဆုံးကာလတွေမှာ ကူးစက်မှုများတဲ့ မြို့တွေ၊ ရပ်ကွက် ကျေးရွာတွေကို အဝင်အထွက်၊ အသွားအလာတားမြစ်ခဲ့ပြီး သွားလာမှု ကန့်သတ်မှုတွေလုပ်တဲ့အထိ တင်းတင်းကျပ်ကျပ် ထိန်းသိမ်းခဲ့ပါတယ်။ နောက်ဆုံးရောဂါကူးစက်မှုမြင့်လာပြီး စိုးရိမ်ရတဲ့ အခြေအနေမှာတော့ ပြည်တွင်းခရီးသွားလာမှုတွေကိုပါ ကန့်သတ်ပြီး အဆက်အသွယ် ပြတ်တောက်အောင်၊ ရောဂါပိုး မကူးစက် မပြန့်ပွားအောင် စီစဉ်ဆောင်ရွက်ထိန်းချုပ်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတော်အနေနဲ့ ကုန်ကျစရိတ် အများအပြားသုံးခဲ့ရသလို နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်သူတွေကလည်း အလှူငွေတွေထည့်ဝင်ပြီး အင်တိုက်အားတိုက် လုပ်ခဲ့ကြပါတယ်။ **စာမျက်နှာ ၁၁ သို့** ■

> **ကိုဗစ် - ၁၉ ကြောင့် ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံတွေနည်းတူ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် ထိခိုက်ဆုံးရှုံးနစ်နာမှုတွေက များလွန်းပါတယ်။ ကျောင်းတွေပိတ်ထားရတဲ့အတွက် ထိခိုက်နောက်ကျရတာဟာ တိုင်းပြည်အနာဂတ်ကို ထိခိုက်စေပါတယ်။ အလားတူ ဈေးတွေ၊ စက်ရုံအလုပ်ရုံတွေ ပိတ်ထားရ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ ရပ်ထားရတဲ့အတွက် အခြေခံလူတန်းစားတွေမှာ အလုပ်လက်မဲ့ဖြစ်ရ၊ စီးပွားရေးအဆင်မပြေကြဘဲ စားဝတ်နေရေးအခက်အခဲတွေ တွေ့နေကြရ။**

■ စာမျက်နှာ ၁၀ မှ

မေတ္တာရှင်၊ စေတနာရှင်၊ ကျန်းမာရေးအကူအညီပေးရေးအဖွဲ့တွေကလည်း လူအား၊ ငွေအား၊ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အကူအညီ၊ ကုသစောင့်ရှောက်မှု စတာတွေနဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းခဲ့ကြပါတယ်။

**ကိုဗစ်ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးမှာ ကျေးဇူးတင်ထိုက်သူများ**

အဲဒီကာလတုန်းက ကျေးဇူးတင်စရာအကောင်းဆုံးနဲ့ လေးစားစရာ အကောင်းဆုံးကတော့ ဒီကပ်ရောဂါဆိုးကြီးကို ကာကွယ်ကုသရေးမှာ အားတက်သရော တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာရှင်လုပ်အားပေး ဝန်ထမ်းတွေပါ။ နေရာအနှံ့အပြားမှာ ကိုဗစ်-၁၉ အထူးကုဆေးရုံ၊ ဆေးခန်းနေရာတွေဖွင့်ပြီး ရောက်လာသမျှ လူနာတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနဲ့ ကိုယ်ဖိရင်ဖိ ကုသခဲ့တာတွေဟာ မှတ်တမ်းရှိပါတယ်။ ဒီရောဂါ အမြန်အမြစ်ပြတ်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ဆင်းရဲပင်ပန်းခံပြီး ကုသပြုစုခဲ့ကြတာပါ။

ကူးစက်မှု မြန်ဆန်လွယ်ကူတာမို့ မိမိတို့ကူးစက်ပြီး အသက်အန္တရာယ် ထိခိုက်မှာကို မကြောက်မရွံ့၊ မထိတ်မလန့်ဘဲ ပြည်သူကို အလုပ်အကျွေးပြုရမယ်၊ ပြည်သူ့ကျန်းမာရေးဟာဒို့တာဝန်၊ ဒီရောဂါကင်းစင်ပပျောက်ရေးဟာ တို့အလုပ်ဆိုတဲ့ အလွန်မွန်မြတ်သန့်စင်တဲ့ စေတနာနဲ့ လုပ်ခဲ့ကြတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ လုပ်အားပေးအလှူရှင်တွေ အားလုံးရဲ့ ယုံကြည်ချက်၊ ခံယူချက်တွေဟာ အံ့သြထိတ်လန့်စရာကောင်းလောက်အောင် ကြီးမားမြင့်မြတ်ခဲ့ပါတယ်။ ကျွန်တော်တို့အားလုံး သိပါတယ်လေ။ ဒီလိုမြင့်မြတ်တဲ့ စိတ်ကောင်းစေတနာနဲ့ ပြုစုကုသပေးရင်း ရောဂါကူးစက်ခံရပြီး ဒီရောဂါနဲ့ သေဆုံးသွားကြတဲ့ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းအချို့လည်း ရှိခဲ့ပါတယ်။ သိပ်ပြီး လေးစားဂုဏ်ယူစရာကောင်းပါတယ်။

ဒီနေရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်ချက်အရ တပ်မတော်ဆေးတပ်ဖွဲ့ကလည်း တစ်ဖက်တစ်လမ်းက ပါဝင်အားဖြည့်ကူညီပေးခဲ့ပါတယ်။ နေရာဒေသအသီးသီးမှာ ကိုဗစ်ရောဂါစစ်ဆေးကာကွယ်ရေး၊ ကုသရေးတွေကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ အခုနောက်ပိုင်းတော့ ပိုမိုပါဝင်လာရတော့တာပေါ့။ အရပ်ဘက်ဆေးရုံ၊ ဆေးခန်းတွေမှာဆရာဝန်တွေ၊ ကျန်းမာရေး ဝန်ထမ်းတွေက CDM ပါပြီး ဆေးရုံတွေပိတ်ထားရတဲ့ အခြေအနေအထိရှိလာတော့ တပ်မတော်က တာဝန်ယူပြီး ဆေးရုံတွေဖွင့်ဖြစ်အောင်လုပ်၊ လူနာတွေ လက်ခံကုသပေးတာတွေ လုပ်လာရတာပေါ့။ အခုတော့ နေရာတော်တော်များများမှာ တပ်မတော်က ဆရာဝန်နဲ့ သူနာပြုစစ်သည်တွေဟာ CDM မလုပ်လို့ ကျန်ရစ်တဲ့ စိတ်ကောင်းစေတနာရှိတဲ့ ဆရာဝန် အစစ်အမှန်တွေနဲ့အတူ မိဘပြည်သူတွေကိုကျန်းမာရေး ကာကွယ်စောင့်ရှောက်နေတာဟာ အားရလေးစားစရာပါ။

ဒီနေရာမှာ တစ်ခုတော့ ပြောစရာရှိလာတယ်။ အဲဒီကိုဗစ်ကာလက အမျိုးသားရေးစိတ်အပြည့်နဲ့ တိုင်းရင်းသားမိဘပြည်သူတွေအပေါ် တာဝန်ကျေခဲ့တဲ့၊ သစ္စာရှိခဲ့တဲ့ ဆရာဝန်တွေနဲ့ အခု CDM မှာပါပြီး အတွေးတိမ်တိမ်၊ အဆင်အခြင်နည်းနည်း၊ စာသာတတ်ပြီး တွေးခေါ်ဆင်ခြင်မှုအားနည်းတဲ့ ဆရာဝန်တွေနဲ့ ယှဉ်ကြည့်မိတယ်။ မိုးနဲ့မြေပါပဲ။ မြင်းမိုရ်တောင်နဲ့ ဆီးစေ့ပါပဲ။ အဖြူနဲ့ အမည်းပါပဲ။ ကုသိုလ်နဲ့ အကုသိုလ်ပါပဲ။ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ် အယူအဆ၊

**ကိုဗစ်ကြောင့် နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အဘက်ဘက်က နစ်နာဆုံးရှုံးခဲ့ရတာတွေကို ပြန်လည်ကုစားရမယ့် အချိန်ကာလဟာ ကြာဦးမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီအခက်အခဲတွေကို အမြန်ကုစားပြီး ပုံမှန်အခြေအနေရောက်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒီရောဂါကပ်ဘေးကြီး အမြန်ပြီးပြတ်ကင်းစင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလို။**

အလုပ်အကိုင်တွေ လားလားမှမတူပါဘူး။ ဒါကြောင့် နိုင်ငံနဲ့ ပြည်သူလူထုအပေါ် တာဝန်ကျေ သစ္စာရှိတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ထာဝရလေးစားဂုဏ်ပြုနေမှာပါ။

ဒီလိုကပ်ရောဂါဆိုးကြီးကို ကာကွယ်ရေး၊ ကုသရေး စီမံဆောင်ရွက်ပေးခဲ့ကြတဲ့ အစိုးရတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော ဒီလိုကပ်ရောဂါကြီးကို ရင်ဆိုင်ကာကွယ်ဖို့ ငွေကြေး အဓိကပါပဲ။ ဒါကြောင့် အလှူငွေ ပါဝင်ထည့်ဝင်ကြတဲ့ အလှူရှင် မိဘပြည်သူတွေ၊ ယာယီဆေးရုံကြီးတွေဆောက်ပြီး ကုန်ကျစရိတ်အဝဝကို တာဝန်ယူဆောင်ရွက်ခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့နိုင်ငံမှာ ဒီလို ကိုဗစ်ရောဂါဆိုးကြီးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာရှင် အလှူရှင်တွေနဲ့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ထိန်းချုပ်ဟန့်တားနိုင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း တချို့နိုင်ငံတွေလို ဆိုးဆိုးရွားရွား ကူးစက်ခံရ၊ သေဆုံးကြတာမျိုး ဖြစ်မလာခဲ့တာ ဝမ်းသာစရာပါ။

**မပေါ့မဆ ဆက်လက်ကာကွယ်ထိန်းသိမ်းကြပါ**

ရောဂါဖြစ်တဲ့ကာလကြာ၊ ကူးစက်ပြန့်ပွားမှုကနှေးလာ၊ နည်းလာပြီး တခြားယှဉ်တွဲဖြစ်ပေါ်လာတဲ့ အခြေအနေတွေကြောင့် ဒီနေ့ ကိုဗစ်ကာကွယ်မှုအတွက် နေထိုင်လိုက်နာကြရမယ့် စည်းမျဉ်း စည်းကမ်းတချို့ကို လူတွေက မေ့ချင်လာကြတယ်။ အလေးမထားသလို ဖြစ်လာကြတယ်။ သိပ်ပြီး ပူပူပင်ပင်မရှိတော့ဘဲ အေးအေးဆေးဆေး နေလာကြ တယ်လို့ထင်ပါတယ်။

ဒီနေ့ Social Distancing ဆိုတာကိုလည်း လိုက်နာမှု အားနည်းလာကြတယ်။ ပိုဆိုးတာက နှာခေါင်းစည်း (mask) တော်တော်များများ မတပ်ကြတော့ဘူး။ အားလုံးကိုတော့ ဆိုလိုခြင်း မဟုတ်ပါဘူး။ ထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့အတူ နေထိုင်ကျင့်ကြံသူတွေလည်း ရှိပါတယ်။ ပေါ့ပေါ့ဆဆ ဖြစ်သလိုနေထိုင်သွားလာနေကြသူတွေ၊ စည်းကမ်းမလိုက်နာသူတွေလည်း ရှိနေပါတယ်။

စိုးရိမ်ကြောက်လန့်စရာ ကောင်းပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အရင်ကတည်းက အတွေးတစ်ခုရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါကို စမ်းသပ်စစ်ဆေးနိုင်တဲ့နေရာ၊ အင်အားနည်းလို့များ တွေ့တာနည်းတာလား၊ တောတွေတောင်တွေ ကျေးရွာတွေမှာ ဘာမသိညာမသိ ဒီရောဂါရှိနေတဲ့လူတွေ များနေမလားဆိုတဲ့အတွေးရှိခဲ့ပါတယ်။ မဟုတ်လောက်ပါဘူး။ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းမိတယ်။ ဒါကို အလေးမထားဘဲ ပြန်ပြီးဂရုတစိုက်နဲ့ ကြပ်ကြပ်မတ်မတ် မထိန်းသိမ်းနိုင်ကြရင် ထပ်မံကူးစက်ခံရမှာ မလွဲပါပဲ။

**လူဦးရေ ၁၅ သန်းကျော်အား ကာကွယ်ဆေး ထိုးနှံပေးသွားမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားတဲ့ ၁၃၈၃ ခုနှစ် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကားမှာ **“ယခုလို COVID-19 ကပ်ရောဂါနဲ့ ပတ်သက်ပြီး တိုင်းရင်းသားပြည်သူလူထုအတွက် ကာကွယ်ရေး၊ ကုသရေးတို့တွင် မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိရာမှာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် အိန္ဒိယနိုင်ငံထုတ်၊ တရုတ်နိုင်ငံထုတ်၊ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကို လူဦးရေ ၁၅ သန်းကျော်အား ဦးစားပေးအဆင့် ၃ ဆင့်၊ အုပ်စု ၅ စုခွဲ၍ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်၊ လက်ရှိတွင် ကာကွယ်ဆေး ၃ သန်းခွဲ ရောက်ရှိနေပြီး ထပ်မံ၍ ၂၈ သန်းရောက်ရှိမှာဖြစ်ပြီး ပြည်သူလူထုအတွက် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အလေးထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မှာပဲ ဖြစ်ပါတယ်”** လို့ ထည့်သွင်းပြောကြားသွားပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးဟာ အဓိကဖြစ်ပါတယ်။ မကျန်းမာရင် ဘာမှလုပ်လို့မရပါ။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ မိမိအကျိုး၊ ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ ကျန်းမာရေးကို မိမိတို့ကိုယ်တိုင်က ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်သူလူထု ကျန်းမာရေးအတွက်နဲ့ ဒီရောဂါကပ်ဆိုးကြီး အမြန်ပျောက်ကင်းဝေးရေးကို အလေးထား ဆောင်ရွက်နေကြောင်းနဲ့ ပြည်သူလူထု ကျန်းမာရေးကို မျက်ခြည်မပြတ် ဆောင်ရွက်ပေးနေတာကိုတွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး အမြန်ပျောက်ကင်းရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတဲ့ ကြိုတင်ကာကွယ်ရေးအတွက် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြဖို့နဲ့ ဦးစားပေးအစီအစဉ်အရ ထိုးပေးနေတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်တွေမှာလည်း ကိုယ်တိုင်ပါဝင်ဆေးထိုးခံသလို မိမိမိသားစု၊ မိမိအသိုင်းအဝိုင်းနဲ့ သူများတကာတွေကိုလည်း ကာကွယ်ဆေးထိုးကြဖို့ တိုက်တွန်းနှိုးဆော်ပေးဖို့ လိုအပ်ပါတယ်။ ကာကွယ်ဆေးထိုးစီမံချက် အောင်မြင်ရေးအတွက် ကျေးရွာအခန်းကဏ္ဍက အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒီလောက်ကမ္ဘာနဲ့အဝှမ်းမှာ ကူးစက်မှု မြန်ဆန်များပြားပြီး အသေအပျောက်များလွန်းတဲ့ ကပ်ရောဂါဆိုးကြီးကို ဝိုင်းဝန်းကာကွယ်တွန်းလှန်တိုက်ဖျက်ကြဖို့ လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲက အလေးထား ဖော်ပြထားပါတယ်။

**ကိုဗစ် -၁၉ ကြောင့် ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံတွေနည်းတူ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် ထိခိုက်ဆုံးရှုံးနစ်နာမှု**တွေက များလွန်းပါတယ်။ ကျောင်းတွေပိတ်ထားရတဲ့အတွက် ထိခိုက်နောက်ကျရတာဟာ တိုင်းပြည်အနာဂတ်ကို ထိခိုက်စေပါတယ်။ အလားတူ ဈေး တွေ၊ စက်ရုံအလုပ်ရုံတွေ ပိတ်ထားရ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ ရပ်ထားရတဲ့အတွက် အခြေခံလူတန်းစားတွေမှာ အလုပ်လက်မဲ့ဖြစ်ရ၊ စီးပွားရေး အဆင်မပြေကြဘဲ စားဝတ်နေရေး အခက်အခဲတွေ တွေ့နေကြရပါတယ်။

သွားရေးလာရေး ကန့်သတ်ထိန်းချုပ်မှုတွေကြောင့် ပြည်သူလူထုမှာ မိသားစုကိစ္စတွေနဲ့ လူမှုရေးကိစ္စတွေမှာ အခက်အခဲကြုံတွေ့ရပါတယ်။ ဒီကြားထဲမှာ ဆူပူအကြမ်းဖက်မှုတွေကြောင့် ဘဏ်တွေပိတ်ထားရ၊ စက်ရုံအလုပ်ရုံတွေ မီးရှို့ ဖျက်ဆီးခံရတာတွေကြောင့်လည်း မြွေပွေရာ ကင်းမှောင့်ဆိုသလို တစ်နိုင်ငံလုံး စီးပွားရေးကျဆင်းပြီး ကမောက်ကမနဲ့ ဆင်းရဲဒုက္ခများလှပါပြီ။ အချိန်ကာလကလည်း တစ်နှစ်ကျော်လာတော့ ထိခိုက်နစ်နာမှုက ကြီးမားလှပါတယ်။

**ကိုဗစ်ကြောင့် နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အဘက်ဘက်က နစ်နာဆုံးရှုံးခဲ့ရတာတွေကို ပြန်လည်ကုစားရမယ့် အချိန်ကာလဟာ ကြာဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီအခက်အခဲတွေကို အမြန်ကုစားပြီး ပုံမှန်အခြေအနေရောက်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒီရောဂါကပ်ဘေးကြီး အမြန်ပြီးပြတ်ကင်းစင်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါကို ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။**

**“ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်”**ဆိုတဲ့သတိပေးဆောင်ပုဒ်လေးအတိုင်း ကျွန်တော်တို့တစ်တွေ ဒီရောဂါဆိုးကြီး အမြစ်ပြတ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အညီ နေထိုင်ကာကွယ်ထိန်းသိမ်းသွားကြပါစို့။

“မိမိကစ ကာကွယ်ပါ” ဆိုတဲ့ စကားအတိုင်း မိမိနဲ့ မိမိ မိသားစု ကူးစက်မခံရရေး၊ မိမိမှတစ်ဆင့် အခြားသူများကို ကူးစက်မှုမဖြစ်ရေးတို့ကို အလေးထား ဂရုစိုက်ကြပါစို့။

နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ခြောက်ပေကွာတွင်နေခြင်း၊ တစ်ခုခုကိုင်တွယ်ထိတွေ့ပြီးတိုင်း လက်ဆေးခြင်းစတဲ့ ကိုဗစ်ရောဂါကာကွယ် ထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာနေထိုင်ကြပါစို့။

ဤရောဂါဆိုးကြီး ကူးစက်မှုတဖြည်းဖြည်း လျော့ပါးလာစေပြီး အမြစ်ပြတ်သည်အထိ မိမိတို့ကျေးရွာအခန်းကဏ္ဍမှ အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

အားလုံး ကျန်းမာချမ်းသာကြပါစေ။

✧ ✧ ✧

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ် ဖျက်သိမ်း



**လန်ဒန် မေ ၁၉**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အိန္ဒိယနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် လာမည့်သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက မေ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် ဇန်နဝါရီလအတွင်းက စီစဉ်ထားခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ နှစ်သိန်းကျော်ဖြင့် ငါးရက်ဆက်တိုက် စံချိန် တင်တွေ့ရှိခဲ့ပြီးနောက် ဘောရစ်ဂျွန်ဆင်က ၎င်း၏ခရီးစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အိန္ဒိယခရီးစဉ်သွားရောက်မည့် ရည်ရွယ်ချက်သည် ကာကွယ်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် နယ်ပယ်ကဏ္ဍအသီးသီး၌ ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အိန္ဒိယခရီးစဉ်သည် ယခုနှစ်အစောပိုင်းတွင် ဗြိတိန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ဖိတ်ကြားချက်ကြောင့်သွားရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံက ဇွန်လအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံအား ဖိတ်ကြားခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**




## ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၂၈ ဦးရှိ

**မနီလာ မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၆၂၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၉၄၅၇၄၅ ဦးရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၀၄၈ ဦးရှိလာကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လူဦးရေသန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်ကာ လူဦးရေ ၁၀ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံမှ လှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖေဖော်ဝါရီ ၂၈ ရက်တွင် လက်ခံရရှိလာခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကျန်းမာရေးဝန်ထမ်းများ၊ အသက်အရွယ်ကြီးရင့်သူများဖြင့် စတင်ခဲ့ပြီး ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသား သန်း ၇၀ အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အီဂျစ်နိုင်ငံ၌ ရထားလမ်းချော်တိမ်းမှောက်မှုဖြစ်ပွား ၁၁ ဦးထက်မနည်းသေဆုံးပြီး ၉၈ ဦး ဒဏ်ရာရရှိ

**ကိုင်ရို မေ ၁၉**

အီဂျစ်နိုင်ငံ၏ မြို့တော်ကိုင်ရိုမှ မြောက်ဘက်ရှိ မြစ်ဝကျွန်းပေါ်ဒေသ မြို့တစ်မြို့ဖြစ်သည့် တုတ်ခ်မြို့တွင် ယမန်နေ့က ရထားလမ်းချော်တိမ်းမှောက်မှု တစ်ခု ဖြစ်ပွားခဲ့ရာ ခရီးသည် ၁၁ ဦးထက်မနည်း သေဆုံးပြီး ၉၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ရထားတိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီးနောက် လူနာတင်ယာဉ်အစီး ၆၀ ခန့်ကို အခင်းဖြစ်ပွားသည့်နေရာသို့ ချက်ချင်းစေလွှတ်ထားပြီး ဒဏ်ရာရရှိသူများအား ပြည်သူ့ဆေးရုံသုံးခုသို့ ပို့ဆောင်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လူစီးတွဲ လေးတွဲပါရှိသည့် အဆိုပါရထားသည် ကိုင်ရိုမြို့မှ မန်ဆိုရာမြို့သို့ ဦးတည်ထွက်ခွာနေစဉ် လမ်းချော်ပြီး ယခုကဲ့သို့ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အီဂျစ်သမ္မတအယ်လ်စီစီက ရထားတိမ်းမှောက်မှုနှင့် ပတ်သက်၍ အစီရင်ခံစာ တင်ပြရန်အတွက် စုံစမ်းစစ်ဆေးရေး ကော်မတီတစ်ခု ဖွဲ့စည်းရန် တာဝန်ရှိသူများအား ညွှန်ကြားလိုက်သည်။

ရထားတိမ်းမှောက်မှုနှင့် ပတ်သက်၍ ရထားမောင်းသူနှင့် လက်ထောက်အပါအဝင် တုတ်ခ်ရထားဘူတာမှ တာဝန်ရှိသူ ရှစ်ဦးတို့ကို စစ်ဆေးမေးမြန်းလျက်ရှိကြောင်း အစိုးရရှေ့နေရုံး၏ ပြောကြားချက် အရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## တရုတ်နိုင်ငံမှထုတ်လုပ်သော CoronaVac ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အစွမ်းထက်ထိရောက်ကြောင်း ချီလီနိုင်ငံမှ တာဝန်ရှိသူပြောကြား

**ဆန်တီယာဂို မေ ၁၉**

တရုတ်နိုင်ငံမှထုတ်လုပ်သော CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် အစွမ်းထက်ထိရောက်မှုရှိကြောင်း ချီလီနိုင်ငံမှ သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီး အန်ဒရီကိုဗီက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း ရောက်ရှိလာသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား လက်ခံရယူခဲ့ရာတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ CoronaVac ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးသည် အဆိုပါရောဂါကြောင့် ဆေးရုံတက်ရောက်ကုသရမှုကို ၈၅ ရာခိုင်နှုန်းနှင့် သေဆုံးမှုကို ၈၀ ရာခိုင်နှုန်း အသီးသီးလျော့ကျစေခဲ့ကြောင်း ချီလီအစိုးရမှ ပြုလုပ်သောလေ့လာမှုတစ်ရပ်တွင် ဖော်ပြသည်။

ပြီးခဲ့သောနှစ်ဒီဇင်ဘာလနှင့် ယခုနှစ် ဇန်နဝါရီလအတွင်း ချီလီနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးနောက် ချီလီနိုင်ငံ လူအစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံသား ၅ ဒသမ ၂ သန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၂၄၇၁၈ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၂၅၁၇၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ဆန်တီယာဂိုမြို့ပြဒေသအပါအဝင် ဒေသများ၌ ကိုဗစ်-၁၉ရောဂါကူးစက်ပျံ့နှံ့မှုမှ ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုများကို ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer ထံမှ စက်တင်ဘာလတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံအလောက် ဂျပန်နိုင်ငံ လက်ခံရရှိဖွယ်ရှိ

**တိုကျို မေ ၁၉**

ဂျပန်နိုင်ငံသည် စက်တင်ဘာလတွင် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer ထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံအလောက် လက်ခံရရှိဖွယ်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ်ဆူဂါက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်ဆူဂါသည် ပြီးခဲ့သည့်သီတင်းပတ်က အလည်အပတ်သွားရောက်ခဲ့သည့် ဝါရှင်တန်ခရီးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအထောက်အပံ့များ ထပ်မံရရှိရေးအတွက် Pfizer ဆေးဝါးကုမ္ပဏီ အမှုဆောင်အရာရှိချုပ်အယ်လ်ဘာ့ဘော်လာအား တောင်းဆိုခဲ့ကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ်ဆူဂါနှင့် Pfizer ဆေးဝါးကုမ္ပဏီ အမှုဆောင်အရာရှိချုပ် အယ်လ်ဘာ့ဘော်လာတို့သည် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ဂျပန်နိုင်ငံရှိ ပြည်သူများအား ထိုးနှံပေးနိုင်မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ စက်တင်ဘာလတွင် အလုံအလောက်ရရှိရေး တောင်းဆိုခဲ့မှုနှင့် စပ်လျဉ်း၍ ဂျပန်ဝန်ကြီးချုပ်ဆူဂါက မေ ၁၉ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

Pfizer ဆေးဝါးကုမ္ပဏီအနေဖြင့် အဆိုပါတောင်းဆိုမှုကို အမြန်ဆုံးညှိနှိုင်းဆွေးနွေးလိမ့်မည်ဟု အမှုဆောင်အရာရှိချုပ် အယ်လ်ဘာ့ဘော်လာက ပြောကြားခဲ့ကြောင်းလည်း ဝန်ကြီးချုပ်ဆူဂါက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**





# ပေါ်တူဂီနိုင်ငံ၌ ကျောင်းဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်း ၁၇၀၀၀၀ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုပြီးစီး

**လစ္စဘွန်း မေ ၁၉**

ပေါ်တူဂီနိုင်ငံ၌ ကျောင်းဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်း ၁၇၀၀၀၀အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုပြီးစီးခဲ့ကြောင်း ဝန်ကြီးချုပ်အန်တိုနီယိုကိုစတာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ပေါ်တူဂီနိုင်ငံ သည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် ပညာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးမှုကို ယခင်က ယာယီရပ်ဆိုင်းထားခဲ့သော်လည်း ယခုအချိန်တွင် အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်း၏ လျာထားချက်ပြည့်မီအောင် ထိုးနှံပေးလျက်ရှိကြောင်း ကိုစတာက ပြောကြားသည်။

နိုင်ငံအတွင်းရှိ အသက် ၇၀ နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအား ယခုလအကုန်တွင်လည်းကောင်း၊ အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအား မေလအတွင်းလည်းကောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သက်ကြီးရွယ်အိုများသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများပြားနေကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းရှိ နိုင်ငံသား ၂ ဒသမ ၅ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့်အဝထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့်သေဆုံးသူ ၆၁၇ ဦးရှိလာ

**ကိုလံဘို မေ ၁၉**

သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့်သေဆုံးသူ ၆၁၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၆၄၃၉ ဦးရှိသည့်အနက် ရောဂါဖြစ်ပွားရာမှပြန်လည် ကျန်းမာလာသူ ၉၃၁၁၃ ဦးနှင့် ပိုးတွေ့ဆဲလူနာ ၂၇၀၉ ဦးရှိကြောင်း တရားဝင်စာရင်းများအရ သိရသည်။

နိုင်ငံသားများအား နှာခေါင်းစည်းဝတ်ဆင်ခြင်းနှင့် ခပ်ခွာခွာနေထိုင်ရေးစသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများလိုက်နာရန်သတိမှတ်ထားပြီး အဆိုပါစည်းမျဉ်းချိုးဖောက်သူများအား အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယမန်နှစ် ဒီဇင်ဘာလကစတင်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို မြို့တော်ကိုလံဘိုအပါအဝင် နိုင်ငံ၏ အနောက်ပိုင်းပြည်နယ်များတွင် ဆောင်ရွက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅ သန်းကျော်ရှိလာ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၃၈၁၀ ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၀၆၁၉၁၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၀၀၀၀ နှင့်အထက် ရှိလာသည်မှာ သုံးရက်ဆက်တိုက် ရှိလာခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်အတွင်း ၁၆၁၉ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၇၈၇၆၉ ဦး ရှိလာသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၉၅၃၈၂၁ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လတ်တလောအချိန်တွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော လူနာ ၁၉၂၉၃၂၉ ဦး ကျန်ရှိသေးသည်။

အိန္ဒိယနိုင်ငံ၌ ဗဟိုအစိုးရက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုကို တစ်စိတ်တစ်ပိုင်းသာ ချမှတ်ထားသည့်အတွက် နေ့စဉ်ရောဂါကူးစက်မှုနှုန်း ဆက်လက်မြင့်မားလျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားလာခဲ့ပြီးနောက် စာသင်ကျောင်းတချို့တွင် စာမေးပွဲအစီအစဉ်များကို ဖျက်သိမ်းလိုက်ပြီး ကျောင်းတချို့တွင် စာမေးပွဲဖြေဆိုမှုကို ရွှေ့ဆိုင်းထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြည်တွင်းထုတ် Covishield နှင့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးဖြင့် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၁၂၃ သန်းခန့်ကို ပြည်သူများအား ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

အိန္ဒိယကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၁၆၇ သန်းကျော်တို့အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးဝါးသုတေသနကောင်စီက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၄၂၁၁၆၆၈၇ | ဦး |
| သေဆုံးသူ | ၃၀၃၅၃၀၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၂၀၆၆၅၈၂၆ | ဦး |

# မိုးကောင်း၊ ဘားအံနှင့် မော်လမြိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် မိုးကောင်းမြို့နယ် ကျွန်းပင်သာ ကျေးရွာအုပ်စု ရှမ်းစုကျေးရွာနေ ဇော်ထွန်းအောင်(ခ)ထွန်းထွန်း ၏ တောင်ယာတဲသို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း သုည ဒသမ ၁၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ညောင်ကုန်း ကျေးရွာအုပ်စု ယာမလွတ်ကျေးရွာနေ တင်အောင်၏ တောင်ယာတဲအား ဆက်လက်ရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၅၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ညနေ ၅ နာရီတွင် ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာနေ အောင်မျိုးထွန်း(ခ)အောင်ပု၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၁၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

### စစ်ဆေးရှာဖွေ

အလားတူ ဧပြီ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဂျိုင်း-အိန္ဒူ သွားကားလမ်း ကျုံစောင့်ကျေးရွာအုပ်စု ကျားကလေးကျေးရွာအနီးတွင် စောတပူး မောင်းနှင်ပြီး စောထွန်းလင်း(ခ)အထွန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို လည်းကောင်း။

### သိမ်းဆည်းရမိ

ထို့အတူ ဧပြီ ၁၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ လှိုင်ရှမ်းစုရပ်ကွက် မြေနီကုန်းကားဝင်းအတွင်းရှိ ကားဂိတ်တွင် လူမဲ့တန်ဆာဖြင့် မသင်္ကာဖွယ်တွေ့ရှိသည့် ငရုတ်သီးခြောက်များ ထည့်ထားသည့် ဆာလာအိတ်အား ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



တင်အောင်၊ ဇော်ထွန်းအောင်(ခ)ထွန်းထွန်း၊ အောင်မျိုးထွန်း(ခ)အောင်ပုတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။




# ပဲခူးမြို့ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် သေဆုံးသူအရေအတွက်နှင့်ပတ်သက်၍ လူမှုကွန်ရက်ပေါ်၌ စာရင်းမှားများ ပျံ့နှံ့လျက်ရှိ

**နေပြည်တော် ဧပြီ ၁၉**

ဧပြီလ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ် ဆူပူအကြမ်းဖက်သူများက ရန်ပြုတိုက်ခိုက်ခဲ့ခြင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ ၁၀-၄-၂၀၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖြစ်စဉ်သတင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယင်းဖြစ်စဉ်များတွင် ပဲခူးမြို့ပေါ်ရပ်ကွက်အချို့တွင် ဆူပူအကြမ်းဖက်သူများက လက်လုပ်သေနတ်များ၊ ကျည်စစ်ကျည်မှန်များ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများ၊ လေးနှင့်မြားများ၊ လေးခွများ၊ ဂျင်ကလိများ၊ လက်လုပ်ဒိုင်းများ အစရှိသော တရားမဝင် အကြမ်းဖက်လက်နက်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများအတိုင်း ထိန်းသိမ်းဆောင်ရွက်ခဲ့ရပါသည်။

### စနစ်တကျထိန်းသိမ်းထားရှိ

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် ပစ်ခတ်မှုကြောင့် သေဆုံးမှုများရှိလာပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ (Dead Bodies) အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

ဧပြီလ ၉ ရက် ပဲခူးမြို့တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဆူပူအကြမ်းဖက်သူများဘက်မှ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား လေးဦး သေဆုံးခဲ့ကာ အကြမ်းဖက်သူ အမျိုးသား ၃၆ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ဆူပူအကြမ်းဖက်သူများ၏ အကြမ်းဖက်လက်နက်များ၊ ကျည်စစ်ကျည်မှန်များဖြင့် တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

### အရေအတွက်ကိုသာဖော်ပြထား

သို့ရာတွင် ပဲခူးဖြစ်စဉ်များနှင့်ပတ်သက်၍ သေဆုံးသူအရေအတွက်အား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသော သတင်းတု၊ သတင်းအမှားများ ရေးသားခဲ့သဖြင့် သေဆုံးသူအရေအတွက်များ အဆမတန်ဖောင်းပွနေပြီး ထိုသတင်းများကို အခြေခံ၍ ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ပဲခူးဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူသေဆုံးသည့် အရေအတွက်အား ၈၂ ဦးအထိ ဖော်ပြခဲ့ပါသည်။ AAPP မှ ဖော်ပြထားသောစာရင်းတွင် ၇၆ ဦးမှာ အမည်အပါအဝင် မည်သည့်ကိုယ်ရေးအချက်အလက်မှ မပါဝင်ဘဲ အရေအတွက်ကိုသာ ဖော်ပြထားကြောင်းတွေ့ရှိရသဖြင့် သေဆုံးသည်ဟု အတည်မပြုနိုင်သောသူများသာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စိစစ်ချက်များအရလည်း အမှန်တကယ်သေဆုံးသူမှာ လေးဦးသာဖြစ်သဖြင့် လူမှုကွန်ရက်များတွင် ဖော်ပြနေသည့် အခြေအမြစ်မရှိသော သတင်းအမှားများအား အတည်မပြုနိုင်ကြောင်း တွေ့ရပါသည်။ အမှန်တကယ် သေဆုံးမှုများရှိပါက ဥပဒေအရ သက်ဆိုင်ရာသို့ အလောင်းအပ်နှံပြီး သေမှုသေခင်းဖွင့်ကာ သေဆုံးသည့် အကြောင်းအရာကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ရမည် ဖြစ်သည့်အတွက် AAPP မှ ထုတ်ပြန်သော အဆိုပါသေဆုံးမှုအရေအတွက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်သာ ဖြစ်ပါသည်။

အခြားဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ၌ ဖြစ်ပွားခဲ့သည့် သေဆုံးမှုဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပစ်ခတ်မှုကြောင့်မဟုတ်ဘဲ ဆူပူအကြမ်းဖက်သူများအချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံးခြင်းနှင့် အခြားနည်းလမ်းဖြစ်သည့် ဆူပူအကြမ်းဖက်သူများက အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်းများလည်းရှိခဲ့ပါသည်။ သို့ဖြစ်၍ ပဲခူးဖြစ်စဉ်တွင်လည်း အလားတူ အခြေအနေမျိုးများရှိနိုင်ပြီး ဆူပူအကြမ်းဖက်သူများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်ခြင်းမရှိစေရန် ကွယ်ဝှက်ထားသည့် အခြေအနေများရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန် ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ နှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website:https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# အတာတန်ခူး နှစ်ဦးကိုကြိုဆိုခြင်း

သိန်းထွန်း(IR)



**ထိုဉာဏ်ပညာတို့ဖြင့် နှစ်သစ်ကို ကြိုဆိုလိုပါသည်။ အယုတ် အလတ် အမြတ်မရွေး အားလုံးပျော်ရွှင်စေလိုပါ၏။ ကျန်းမာချမ်းသာကြစေလိုပါ၏။ တစ်ဦး၏မေတ္တာရိပ်အောက်တွင်တစ်ဦး အေးချမ်းစေလိုပါ၏။ လောကနိယာမ ပြောင်းလဲခြင်းဆိုရာတွင် ကောင်းသောပြောင်းလဲခြင်း၊ အားလုံးပျော်ရွှင်ကြည်နူးရသော နှစ်သစ်ကူးခြင်းဖြစ်ပါစေကြောင်း နှစ်သစ်အတွက် ဆုမွန်တောင်း၍ ကြိုဆိုလိုက်ရ။**

မြန်မာနှစ်ဟောင်းတစ်နှစ် ကုန်ဆုံးခဲ့ပေပြီ။ နှစ်ဟောင်းကုန်၍ နှစ်သစ်ရောက်ချိန်တွင် ဇရာအားဖြင့်လည်း တစ်နှစ်ကြီးလာလေပြီ။ တစ်နှစ်နှင့်တစ်နှစ်သည် ကြာသည်မထင်ရ။ ပို၍မြန်လာသလားဟုပင် ထင်မိသည်။ အချိန်တွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေကုန်ဆုံးချိန် မြန်နေသည်ဟု မိမိတို့စိတ်တွင် ထင်မိနေခြင်းသာ ဖြစ်ပေလိမ့်မည်။ ကာလ သတ်မှတ်ချက်တို့က ပြောင်းလဲသွားခြင်း မဟုတ်ဘဲ မိမိတို့စိတ်ကသာ ပြောင်းလဲနေခြင်းလည်း ဖြစ်နိုင်၏။ ထိုသို့နှင့်ပင် နှစ်သစ်တစ်နှစ်ကူးခဲ့ပေတော့သည်။

**ကောင်းသောပြောင်းလဲခြင်း ဖြစ်ပါစေ**

ရာသီဥတုသည်လည်း ထိုသို့ပင်။ ဧပြီလထဲရောက်လာချိန်တွင် အပူချိန်သည် နေ့ရောညပါ တိုးလာနေသည်။ အပူချိန်တိုးလာသည်မှာ ယခုနှစ်မှတော့ မဟုတ်။ နှစ်တိုင်းလိုလိုပင် ဖြစ်လာသည်။ လူသားများသာမဟုတ်။ ကမ္ဘာလောကကြီးလည်း ပြောင်းလဲနေပါ၏။ ကောင်းသောပြောင်းလဲခြင်း ဖြစ်ပါစေဟု ဆန္ဒပြုမိသည်။

ယခင်ကာလများကတည်းကပင် ပူပြင်းလှသော နွေသည် ယခုအခါ ပို၍ ဆိုးလာနေလေပြီ။ ယခုအချိန် ရောက်လာပြီဆိုပါလျှင် ကြည့်လေရာ နေရာတိုင်းသည် ပူပြင်းခြောက်သွေ့သော နေရောင်အောက်တွင် အပင်များမှာ အရိုးပြိုင်းပြိုင်းနှင့်။ ပင်ယံထက်ဆီမှ ရွက်ဝါတို့သည်လည်း လေတိုက်တိုင်း တဖြုတ်ဖြုတ်ဖြင့် ကြွေကျနေကြသည်။ ရွက်ဝါတို့မှာ သိင်္ဂီအဆင်းဟုဆိုရန် ခက်လှသည်။ ဖုန်အလိမ်းလိမ်းဖြင့် ရွှေရောင်အဆင်းဟု မဆိုနိုင်တော့။ လောကဓံကို အလူးအလဲခံနေကြရဟန်တူသည်။

အပင်တို့မှာလည်း တလှပ်လှပ်ထနေသော တံလျှပ်တို့အောက်တွင် ယိမ်းထိုးကနေဟန် မြင်ရသည်။ တံလျှပ်တို့အောက်တွင် အမြင်အာရုံ၊ အသိအာရုံတို့ မှားတတ်ကြသည့် သဘောပင်။ နွေဦးလေရူးနှင့်အတူ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေတို့သည်လည်း အပူငွေ့များ ရောယှက်လျက်။ နေက ပူ၊ မြေက ပူသည်သာမက လေတို့ကပါ ပူလွန်းလှသည်။ အထက်မီး အောက်မီးမှန့်သဖွယ်။ ရင်တွင်းအပူနှင့် ဩကာသလောကအပူ အပူချင်း ပြိုင်နေသလားဟုပင် ထင်မှတ်စရာ။ အေးချမ်းသော လောကဝန်းကျင်၊ လူ့ဝန်းကျင်ကို တမ်းတမိသည်။

ငယ်စဉ်က ယခုလိုအချိန်များတွင် အပူကိုလည်း အာရုံမရောက်တတ်ခဲ့ကြ။ အတာသင်္ကြန် ပျော်ရွှင်ရန်သာ စိတ်စောနေလေ့ရှိကြသည်။ ယခုနှစ်တွင်မူ ထိုသို့မဟုတ်။ နှစ်သစ်နွေဦး သင်္ကြန်ချိန်ခါ ဖြစ်သော်လည်း တူးပို့သံ တိတ်ဆိတ်နေသည်။ နှစ်ဦးတွင် မိမိတို့ပတ်ဝန်းကျင်၌ ကြားရမြဲ လွမ်းလွမ်းဆွေးဆွေး ဥဩငှက်ငယ်၏ အသံကိုပင် မကြားရ။ တိတ်ဆိတ်လွန်းလှသည်။ အလွမ်းသည် ဥဩငှက်ငယ်လည်း နှစ်သစ်နွေဦးကိုကြိုဆိုရန် မေ့နေပြီလား မဆိုတတ်။ ဥဩငှက်ငယ်၏ လွမ်းဖွယ်အသံ ကြားရလေမလား သတိရတိုင်း နားစွင့်မိသည်။ ဥဩငှက်ငယ်၏အသံကို မကြားရတော့ ပို၍ပင် လွမ်းသလိုလို။ ဥဩသံမကြားရသော နွေဦးသည် မပြည့်စုံသကဲ့သို့ ခံစားရ၏။ သို့သော် မိမိ မည်သို့တတ်နိုင်ပါမည်နည်း။ လူငယ်တို့ ဘာသာဘာဝ ရေကစားမြူးတူးသံများလည်း တိတ်ဆိတ်နေကြပါ၏။ ခြောက်သွေ့လွန်း၊ တိတ်ဆိတ်လွန်းသည့် နွေဦးနှင့်အတာတန်ခူးဟု ဆိုရ မလိုပင်။

ယခင်နှစ်များကတော့ သင်္ကြန်ရောက်လေတိုင်း သင်္ကြန်မိုးနှင့်အတူ ပန်းပိတောက်မင်းတို့ကို နေရာတိုင်းလိုလို တွေ့ရသော်လည်း ယခုမူ ရှာရပင် ခက်နေလေပြီ။ အတာသင်္ကြန်နှင့် ပန်းပိတောက်နှင့်ပတ်သက်၍ ဆရာဇော်ဂျီက **"ခေါင်းကြွကာ ဆာဝေဝေနဲ့၊ သူလည်းလေ လောကီသားလိုပဲ့၊ ကြွားချင်လှပေလိမ့်မယ်"** ဟု စပ်ဆိုခဲ့ပါ၏။ စာဆိုရှင် ဦးကြော့ကမူ **"တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်ထဲ၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း"** ဟု စပ်ဆိုခဲ့၏။ ယခုမူ ထိုသို့ မဟုတ်တော့ချေ။ ရာသီတွေပြောင်းလဲခြင်းနှင့်အတူ အခြေအနေများ မတူနိုင်ကြတော့။

**ကောင်းမှုယူကြ၊ ကုသိုလ်ပြုကြ**

နွေဦးပေါက်လာလျှင် နှစ်ကူးသင်္ကြန်ကို မျှော်ကြရသည်။ ပျော်ကြရသည်။ ကဲကြရသည်။ ကောင်းမှုကုသိုလ် ယူကြရသည်။ အတိတ်ကောင်း၊ နိမိတ်ကောင်း ယူကြရသည်။ သိကြားမင်း၏ ခွေးသားရေပုရပိုက်ထဲတွင် မှတ်တမ်းတင်မခံရရန် လိုသည်။ ကောင်းမှုကုသိုလ်ပြု၍ ရွှေပုရပိုက်တွင် မှတ်တမ်းဝင်ဖို့လိုသည်။ သို့အတွက် ကောင်းမှုယူကြသည်၊ ကုသိုလ်ပြုကြသည်။

အတာသင်္ကြန်ဆိုသည်က ကောင်းမှုကုသိုလ်များ ပြည့်နေသလို ပျော်ရွှင်မှုများကလည်း နေ့နေ့ညည အပြည့်ပင်။ သူ့အချိန်၊ သူ့ရာသီ၊ သူ့အခြေအနေ ဖြစ်နေသည်ကိုး။ ယခုနောက်ပိုင်း သင်္ကြန် မလည်နိုင်၊ မသွားနိုင်သော်လည်း တစ်ခါတစ်ရံ လေထဲလွင့်ပျံလာသည့် နွေဦးတေးသံများ ကြားမိလျှင် ကြည်နူးမိ၊ ပျော်ရွှင်မိသည်ကတော့ အမှန်ပင်။ ပျော်ရွှင်မြူးတူးနေသည့် ကလေး၊ လူငယ်၊ လူရွယ်များကိုသာမက အရွယ်သုံးပါးအားလုံးကို မြင်ရတိုင်းလည်း ကျေနပ်မိသည်။ သူတို့လေးတွေ တစ်နှစ်မှတစ်ခါ နှစ်သစ်ကို ပျော်ရွှင်စွာ ကူးပြောင်းစေလိုသည်။ ကလေးငယ်များသည် အိမ်တစ်အိမ်၏ ဆည်းလည်းဟုဆိုလျှင် လူငယ်၊ လူရွယ်များသည်လည်း နိုင်ငံ၏ ဆည်းလည်းများဟု ဆိုရပေလိမ့်မည်။

သို့သော် လောကသုံးပါး၏ စည်းချက်၊ လူ့ပတ်ဝန်းကျင်၏ ဟန်ချက်အောက်တွင် အရာရာသည် မိမိဆန္ဒအတိုင်းဖြစ်သည်လည်း ရှိနိုင်သလို မိမိဆန္ဒနှင့် မကိုက်ညီသည်များလည်း ရှိနိုင်သည်ကို ဆင်ခြင်ရပေလိမ့်မည်။ နှစ်ဦးတွင် ပျော်ရွှင်ရမြဲ အတာသင်္ကြန်ကို ယမန်နှစ်က မကျင်းပနိုင်သလို ယခုနှစ်တွင်လည်း မကျင်းပနိုင်။ မည်သို့တတ်နိုင်ပါမည်နည်း။ ကံကိုတော့ ပုံမချချင်၊ ကံဆိုသည်က အလုပ်လို့ ဆိုသည်ကိုး။

**အတာရေတို့ဖြင့် သန့်စင်**

နှစ်သစ်တွင် နှစ်ဟောင်းအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောကြသည်ဟု ဆိုကြလျှင် နှစ်ဟောင်းအညစ်အကြေးများကို မဆေးကြော မသန့်စင်ကြတော့ဘူးလားဟု တွေးစရာပင်။ အတာရေတို့ဖြင့် ရုပ်အညစ်အကြေးတို့ကို သန့်စင်နိုင်ပါ၏၊ ဆေးကြောနိုင်ပါ၏။ ထို့အတူ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်ဖြစ်ရန်ဆိုပါမူ စိတ်တို့ကိုလည်း ဆေးကြောကြဖို့ လိုအပ်မည်ထင်သည်။ သင်္ကြန်ဆိုသည်က ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဆိုရာတွင် အချိန်ကာလ သတ်မှတ်ချက် ပြောင်းလဲခြင်းထက် ပိုပါသည်။ နှစ်သစ်တွင် နှစ်ဟောင်းမှ ရုပ်ပိုင်း၊ စိတ်ပိုင်း အညစ်အကြေးများ ပါမလာစေချင်။ နှစ်သစ် စိတ်သစ်တို့ဖြင့် မိမိကိုယ်ကို တည်ဆောက်ခြင်း၊ လူမှုဝန်းကျင် တည်ဆောက်ခြင်းဖြင့် မိမိအကျိုး၊ အများအကျိုး ပြုကြမည်ဆိုလျှင် နတ်၊ လူသာဓုခေါ်ပေလိမ့်မည်။

နွေဦးတွင် ကြုံတွေ့ခံစားနေရသည့် နွေအပူတို့ဆိုသည်က အချိန်တန်၍ နွေကုန်လျှင် ပျောက်သွားပေလိမ့်မည်။ သဘာဝစည်းချက်နှင့်အညီ ရာသီအလိုက် အေးလိုက်၊ ပူလိုက်၊ မိုးရွာလိုက်ဖြင့် သံသရာလည်နေကြပေလိမ့်မည်။ မိုးရာသီရောက်လျှင် အပူများ ကုန်သွားပေလိမ့်မည်။ မိုးများကုန်၍ ဆောင်းရောက်လျှင် အေးမြလာပေဦးမည်။ သူ့စည်းချက်နှင့်သူ။ ပုထုဇဉ်လူသား၏ ရင်တွင်းမှအပူဆိုသည်က ထိုသို့မဟုတ်။ အကုသိုလ်တရားများ တိုးလာလေ ရာသီမရွေး၊ အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေး အပူများက တိုးလာလေပင် မဟုတ်ပါလား။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်၏ သုတ်ငါးဆယ်တွင် သတ္တမမြောက်သုတ်ဖြစ်သည့် ဝတ္ထသုတ်တွင် ဖော်ပြထားသော အကုသိုလ်တရားဆိုး စိတ်ညစ်ညူးကြောင်းတရားတို့တွင် သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံစည်ခြင်း (အဘိဇ္ဈာ)၊ မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း (ဝိသမလောဘ)၊ သူတစ်ပါးပျက်စီးစေလိုခြင်း (ဗျာပါဒ)၊ အမျက်ထွက်ခြင်း (ကောဓ)၊ ရန်ငြိုးဖွဲ့ခြင်း(ဥပနာဟ)၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း(မက္ခ)၊ ဂုဏ်ပြိုင်ခြင်း(ပဠာသ)၊ ငြူစူခြင်း(ဣဿာ)၊ ဝန်တိုခြင်း(မစ္ဆရိယ)၊ လှည့်ပတ်ခြင်း (မာယာ)၊ စဉ်းလဲခြင်း (သာဌေယျ)၊ စိတ်ခက်ထန်ခြင်း (ထမ္ဘ)၊ ချုပ်ချယ်ခြင်း (သာရမ္ဘ)၊ မောက်မာခြင်း(မာန)၊ အလွန်မောက်မာခြင်း(အတိမာန)၊ မာန်ယစ်ခြင်း (မဒ)၊ သတိမေ့လျော့ခြင်း(ပမာဒ)ဟု ဖော်ပြထား၏။

ထိုအကုသိုလ်တရားတို့သည် မိမိကိုယ်ကိုလည်း လောင်စေ၏။ သူတစ်ပါးကိုလည်း လောင်စေပါလိမ့်မည်။ ထိုအကုသိုလ်တရားများကို မည်သူတို့က ပယ်သတ်ကြမည်နည်း။

**မိမိ၏ ဉာဏ်ပညာဖြင့်သာ ဆန်းစစ်ကြရ**

ရွံ့ညွန်သည် ရေကြောင့်ဖြစ်ရ၏၊ ရေဖြင့်သာ **စင်ကြယ်၏။ မကောင်းမှုသည် စိတ်ကြောင့်ဖြစ်ရ၏၊ စိတ်ဖြင့်သာလျှင် စင်ကြယ်၏။ စိတ်ကြောင့်ဖြစ်လာရသော မကောင်းမှုအညစ်အကြေးကို စိတ်ဖြင့် ဆေးကြောမှသာလျှင် ဖြူစင်နိုင်ပေသည်ဟု ဆိုပါ၏။ သို့ဆိုပါလျှင် မိမိကို သန့်စင်ကြရမည်မှာ မိမိတို့ကိုယ်တိုင်၊ မိမိတို့၏ စိတ်ပင်ဖြစ်ပါ၏။ မိမိတို့၏ စိတ်အညစ်အကြေးတို့ကို သန့်စင်ရန်၊ အကောင်း/ အဆိုး ခွဲခြားရန်မှာမူ မိမိ၏ ဉာဏ်ပညာဖြင့်သာ ဆန်းစစ်ကြရပါမည်။**

ဉာဏ်ပညာဟူသော သဘောသည် သိမြင်နားလည်ခြင်း၊ ကျွမ်းကျင်တတ်မြောက်ခြင်း၊ ခွဲခြမ်းဝေဖန်တတ်ခြင်းဟူသော ဉာဏ်ရည်ဉာဏ်သွေးရှိရုံသာမဟုတ်၊ အသိတစ်ခုကို အကျိုးအကြောင်းဆက်စပ်၍ ဆင်ခြင်တွေးတောတတ်ခြင်း၊ ထိုအသိတရားမှတစ်ဆင့် ဖြစ်ထွန်းပေါ်ပေါက်လာမည့် အကျိုးဆက်များကို မျှော်မှန်းကောက်ချက်ချနိုင်ခြင်း၊ ထိုအသိကို မိမိသိသကဲ့သို့ အခြားသူများ နားလည်သိရှိအောင် ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆိုရေးသားတတ်ခြင်း၊ မောဟဟူသော အမိုက်တိုက်ကြားတွင် စမ်းတဝါးဝါး လျှောက်လှမ်းနေသူ ဘဝခရီးဖော်တို့အား အမှောင်ကို ပယ်ခွင်း၍ ဉာဏ်အလင်းကို ဆောင်ကြဉ်းပေးနိုင်ခြင်း စသော အရည်အသွေးကောင်းများနှင့် ပြည့်စုံသော ဉာဏ်ပညာမျိုးသည်သာလျှင် မိမိအကျိုး၊ လောကအကျိုးကို ထိရောက်စွာ သယ်ပိုးပေးနိုင်မည်ဟု လေ့လာမှတ်သားဖူးပါသည်။

**ထိုဉာဏ်ပညာတို့ဖြင့် နှစ်သစ်ကို ကြိုဆိုလိုပါသည်။ အယုတ် အလတ် အမြတ်မရွေး အားလုံးပျော်ရွှင်စေလိုပါ၏။ ကျန်းမာချမ်းသာကြစေလိုပါ၏။ တစ်ဦး၏မေတ္တာရိပ်အောက်တွင် တစ်ဦး အေးချမ်းစေလိုပါ၏။ လောကနိယာမ ပြောင်းလဲခြင်းဆိုရာတွင် ကောင်းသောပြောင်းလဲခြင်း၊ အားလုံးပျော်ရွှင်ကြည်နူးရသော နှစ်သစ်ကူးခြင်း ဖြစ်ပါစေကြောင်း နှစ်သစ်အတွက် ဆုမွန်တောင်း၍ ကြိုဆိုလိုက်ရပါသည်။** ။

# တစ်လကြာရင် ပြန်လာမတဲ့လား မစာဥရယ်

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၄)

ဒေါင်

“မိုး…ရွာမယ်ဆိုရင်လေ သည်းလိုက်စမ်းပါ့ကွယ်… ခြိမ်းပြီးတော့မှ မရွာရင်… ပျိုး… ပင်ပျိုငယ်တွေကို ပျိုးတဲ့ရာသီမို့…”

သကြ်န်မိုးနှင့်အတူ ဘေးအိမ်က အပျိုကြီး မစာဥ၏ ဆွေးဆွေးမြည့်မြည့် သီဆိုလိုက်သည့် သီချင်းသံကိုခံစားရင်း လူပျိုကြီးကိုသံချောင်း မနေနိုင်မထိုင်နိုင်ဖြစ်လာ၏။ သူကား မစာဥနှင့် စကားလက်ဆုံမကျရသည်မှာ အခါတွင်းတစ်လျှောက်ပင် မဟုတ်ပါလား။ သို့နှင့် ဘေးအိမ်သို့ ကူးသွားရင်း…

“သီချင်းသံလေးနဲ့ သကြ်န်မိုးနဲ့ကတော့ လိုက်ဖက်ပါပေ့ မစာဥရယ်။ မစာဥဆိုတဲ့အတိုင်းပဲဗျ။ မိုးဟာ ခြိမ်းတိုင်းမရွာဘူးမဟုတ်လား။ အားရပါးရ ရွာစေချင်တာ”

“တော်ပါရှင့် ကျွန်မက သီချင်းသာ ဆိုနေတာ အတွေးကတော့ တစ်မျှင်မှ မပြတ်ဘူး။ တွေးမိတိုင်းလည်း နိုင်ငံ့အရေးပဲ ဖြစ်ဖြစ်နေတာ၊ ရှင့်ကိုတောင် မေးဦးမလို့။ ရက်ကနေ လနဲ့ချီလာပြီ။ ဆန္ဒလည်း ထွက်မပြနိုင်တော့ဘူး။ သံပုံးလည်း မတီးနိုင်တော့ဘူး။ တော်လှန်ရေးသီချင်းတွေကလည်း ဆိုရတာ ရိုးလာပြီရှင့်။ လူငယ်တွေကတော့ ပြောက်ကျားနည်းနဲ့ တော်လှန်ကြမှာဆိုပဲ။ ဒါပေမဲ့ သိပ်လည်း စုစည်းမရ ဖြစ်နေကြတယ်ရှင့်။ အပြစ်တင်သူတွေ၊ အုပ်စုကွဲသူတွေ ဖြစ်လာပြီရှင့်…။ ရှင်ကော ဘယ်လိုထင်လဲ”

“မစာဥရယ်… ကျွန်တော်က နိုင်ငံရေးသုတေသီမှမဟုတ်တာ… ဘယ်လိုတော့အတပ်ပြောနိုင်ပ့ါမလဲဗျ…။ ကျွန်တော်တို့က ပြည်သူတွေလေ။ အစိုးရက ဘာတွေလုပ်နေတယ်ဆိုတာကို လေ့လာရမယ်၊ တစ်ဖက်မှာလည်း ဆန့်ကျင်သူတွေက ဘယ်လိုလူတွေ၊ သူတို့လားရာလမ်းကြောင်းက ဘာလဲဆိုတာကိုလည်း မျက်ခြည်ပြတ်လို့ ဘယ်ရမလဲဗျာ။ အမှန်နဲ့ အမှား ဆုံးဖြတ်ရွေးချယ်ကြရတာကတော့ ကျွန်တော်တို့ ပြည်သူတွေပဲ မဟုတ်လားဗျာ။ အဲဒီတော့ သတင်းအစစ်အမှန်တွေ၊ သူတို့တွေရဲ့လားရာကို သေသေချာချာကြည့်ရင်း အဖြူအမည်းသဲကွဲရတာပေ့ါဗျာ”

“ဟုတ်ကဲ့ရှင့်။ ဆက်ပါဦး”

**“နိုင်ငံရေးလေ့လာသူတစ်ဦး ပြောထားတာရှိတယ်ဗျ။ ဒီတော်လှန်ရေးက ဒီမိုကရေစီ မဟုတ်ဘူးတဲ့။ အရှေ့နဲ့အနောက် နိုင်ငံရေးစနစ် အားပြိုင်မှုနဲ့ လစ်ဘရာကိုလိုနီဆိုပြီး ပြောထားတယ်ဗျ။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ဆိုတာတွေက ဟန်ပြပဲတဲ့ဗျ။ အဓိကလားရာက တိုင်းပြည်ကို တောင်နဲ့မြောက် နှစ်ခြမ်းခွဲပစ်ကြဖို့ ကြံစည်နေတာတဲ့ဗျ။ ဒါကြောင့် ခင်ဗျားကြားမိတယ်မဟုတ်လား ဖက်ဒရယ်အာမီ၊ ဖက်ဒရယ်အာမီဆိုပြီး တွင်တွင်ပြောကြတယ်ဗျာ။ တရားမဝင်ဖွဲ့ထားတဲ့ လေလှိုင်းထဲက သူပုန်အဖွဲ့မှာ တိုင်းရင်းသားတွေကို ဝန်ကြီးနေရာတွေ အများကြီးပေးထားတယ်။ အမှန်က တိုင်းရင်းသားတွေ ပါဝင်လာအောင် မျှားတဲ့သဘောပေ့ါ မစာဥရယ်။ ဒါမှ ဆီးရီးယားလိုပဲ မြန်မာပြည်ကြီးက ချုံးချုံးကျအောင် ကြံလို့ရမှာပေ့ါ။ လူထုကိုမြှောက်ပေးပြီး ပြည်တွင်းစစ်တို့၊ ပြောက်ကျားစစ်တို့ ဖြစ်စေချင်ကြတာလေ”**

“ဖက်ဒရယ်အာမီဆိုတာ သိပ်ကိုကောင်းတဲ့ အာမီမဟုတ်လား ကိုသံချောင်းရဲ့။ ကချင်ရော၊ ချင်းရော၊ ကရင်ရော၊ ကယားရော၊ ရှမ်းရော၊ ရခိုင်ရော တိုင်းရင်းသားပေါင်းစုံ ပါမှာလေ။ ဒါမှသာ ကျွန်မတို့ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်မှာမဟုတ်ဘူးလား။ အားလုံးစုပြီး တော်လှန်ကြရင် တစ်လမခံပါဘူးရှင့်။ ဒါကို အင်တာနက်မှာ သေသေချာချာ ကျွန်မဖတ်ကြည့်ပြီးပါပြီ”

“မစာဥကလည်း နီးမလိုနဲ့ ဝေးပြန်ပြီဗျာ။ … အဲဒါပြောတာပေ့ါ။ စာဖတ်ပါဆိုရင် အဆိပ် အတောက် စာပေတွေချည်း ဖတ်တာကိုးဗျ။ တရားလေးဘာလေး ထိုင်ပြီး အမှန်ကို အမှန်အတိုင်း မြင်တတ်အောင် ခင်ဗျားကြိုးစားဖို့လိုနေပြီ။ ဒီလိုဗျ..”

**နိုင်ငံရေးလေ့လာသူတစ်ဦး ပြောထားတာရှိတယ်ဗျ။ ဒီတော်လှန်ရေးက ဒီမိုကရေစီ မဟုတ်ဘူးတဲ့။ အရှေ့နဲ့အနောက် နိုင်ငံရေးစနစ် အားပြိုင်မှုနဲ့ လစ်ဘရာကိုလိုနီ ဆိုပြီး ပြောထားတယ်ဗျ။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ဆိုတာတွေက ဟန်ပြပဲတဲ့ဗျ။ အဓိကလားရာက တိုင်းပြည်ကို တောင်နဲ့မြောက် နှစ်ခြမ်းခွဲပစ်ကြဖို့ ကြံစည်နေတာတဲ့ဗျ။ ဒါကြောင့် ခင်ဗျားကြားမိတယ်မဟုတ်လား ဖက်ဒရယ်အာမီ၊ ဖက်ဒရယ်အာမီဆိုပြီး တွင်တွင်ပြောကြတယ်ဗျာ။ တရားမဝင်ဖွဲ့ထားတဲ့ လေလှိုင်းထဲက သူပုန်အဖွဲ့မှာ တိုင်းရင်းသားတွေကို ဝန်ကြီးနေရာတွေ အများကြီးပေးထားတယ်။ အမှန်က တိုင်းရင်းသားတွေ ပါဝင်လာအောင် မျှားတဲ့သဘောပေ့ါ မစာဥရယ်။ ဒါမှ ဆီးရီးယားလိုပဲ မြန်မာပြည်ကြီးက ချုံးချုံးကျအောင် ကြံလို့ရမှာပေ့ါ။ လူထုကို မြှောက်ပေးပြီး ပြည်တွင်းစစ်တို့၊ ပြောက်ကျားစစ်တို့ ဖြစ်စေချင်ကြ။**

“ဟုတ်ကဲ့ပါရှင့်။ ကျွန်မ တရားလည်းထိုင်ကြည့်ပ့ါမယ်၊ ရှင်ပြောချင်တာလေးတော့ ဆက်ပါဦးရှင့်၊ ဆက်ငြင်းရခုံရအောင်လို့”

“စစ်စွမ်းရည်အရ သက်တမ်း ၇၆ နှစ်ရှိပြီဖြစ်တဲ့ မြန်မာ့တပ်မတော်ကြီးနဲ့ ခင်ဗျားပြောနေတဲ့ ဖက်ဒရယ်အာမီကြီး ဘယ်သူက အင်အားတောင့်တင်းမလဲဗျ။ တကယ်တမ်း နင်လား ငါလား တိုက်ကြကြေးဆိုရင် ဘယ်သူက နိုင်မယ်ထင်သလဲ၊ ကျွန်တော်ကတော့ တပ်မတော်ကပဲ နိုင်မယ်လို့ ကျိန်းသေပြောရဲတယ်ဗျာ။ ကျွန်တော်တင်မဟုတ်ဘူး။ နိုင်ငံရေး၊ ပထဝီသဘောတရား၊ ပကတိအခြေအနေအားလုံးကို သဘောပေါက်တဲ့သူတိုင်း အဲဒါကို သိကြတယ်ဗျာ။ ဒါတင်မကသေးဘူး၊ အခုဆိုရင် ချင်းပြည်နယ်ဘက်မှာ မင်းမဲ့စရိုက်ပုံစံနဲ့ ပုန်ကန်ထကြွနေတယ်ဗျာ။ လူထုကို မြှောက်ပေးတာပေ့ါ မစာဥရယ်။ ရခိုင်၊ ချင်း၊ ရှမ်းစတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ဖက်ဒရယ်အာမီဆိုပြီး စည်းရုံးနေတာပေ့ါ။ ရည်ရွယ်ချက်က မူဆလင်ပြည်နယ်ခွဲထွက်မယ်၊ တစ်ဖက်မှာလည်း အရှေ့မြောက်ခြမ်းခွဲထွက်မယ်၊ မြန်မာပြည်အရှေ့ခြမ်းကလည်း ခွဲထွက်မယ်။ အဲဒီလိုဖြစ်အောင် လုပ်နေတယ်လို့ လေ့လာသူတွေက သုံးသပ်ပြတယ်ဗျ”

“အဲဒါကရော ဖြစ်နိုင်လို့လားရှင်”

“ဒါပေ့ါမစာဥရယ်။ ခင်ဗျားပြောသလို အခုပဲ ဖက်ဒရယ်အာမီတပ်ကြီးက ဝင်လာတော့မလိုလို ပြောနေကြသူတွေက အမှန်အတိုင်း မမြင်နိုင်တဲ့အတွက် ပြောတယ်လို့ပဲ ကျွန်တော်ကတော့ထင်တယ်။ ဥပမာတစ်ခုပြောမယ်ဗျာ။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပြောနေတဲ့ ရည်မှန်းချက်ထဲက အရေးကြီးဆုံးတစ်ခုဟာ အချိန်ကာလပြည့်မြောက်တဲ့အခါ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးမယ်ဆိုတာ ပါဝင်တယ်လေ။ ဆယ်စုနှစ်များစွာ စစ်တိုက်လာခဲ့ရတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအတွက် အချိန်ကာလတစ်ခု ပေးပြီး စောင့်ကြည့်ဖို့ ပိုပြီးအားသန်ကြမှာပေ့ါ မစာဥရယ်။ မတရားမှုတွေဖြစ်လာလို့ တရားမျှတအောင် လုပ်ပေးနေပါတယ်ဆိုတာကို ဂရုမစိုက်ဘဲ အတင်းကာရော ပူးပေါင်းမယ်ဆိုတဲ့ လေလှိုင်းထဲက တရားမဝင် တိုင်းပြည်သစ္စာဖောက်တဲ့သူတွေရဲ့ ပြောစကားကို တိုင်းရင်းသားတွေက အပြည့်အဝ လက်ခံကြမယ်လို့ ကျွန်တော်တော့ မထင်ဘူးဗျ။ ဘယ်သူမှ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ နစ်မွန်းခံပြီး အတင်းကာရော မတိုက်ပါဘူး။ ဒါကြောင့် နောက်ကွယ်က မြှောက်ပေးတိုင်း ဖြစ်နိုင်မလား၊ မဖြစ်လာနိုင်မလားဆိုတာကို မစာဥပဲ စဉ်းစားကြည့်ပေ့ါဗျာ။ ကျွန်တော်ကတော့ ဖက်ဒရယ်အာမီလည်း မမျှော်လင့်ဘူး၊ ပြီးခဲ့တဲ့ လတုန်းက UN တပ်တွေဆိုပြီး မျှော်တုန်းကလည်း မပါဘူး။ တိုင်းပြည်အေးချမ်းတည်ငြိမ်ဖို့ပဲ မျှော်လင့်တယ်ဗျာ”

“ကျွန်မမိတ်ဆွေ တော်လှန်ရေးသမားကြီး တစ်ယောက်ကတော့ တစ်လနေရင် ပြန်လာမယ်

**တစ်လကြာရင် ပြန်လာမတဲ့လား မစာဥရယ်။ ခင်ဗျားမိတ်ဆွေကြီးကို မေးကြည့်လိုက်ပါဦး ဘယ်လိုပြန်လာမှာလဲဆိုတာကို။ ပြန်လာခဲ့ပေ့ါဗျာ။ ပြီးရင် တိုင်းပြည်နဲ့ လူမျိုးကို အဆိပ်သင့်အောင်၊ ဘေးဖြစ်အောင်လုပ်ခဲ့တဲ့ လုပ်ရပ်ရှိရင် ပြန်ပြီး အပြစ်ကျေတဲ့အထိ ပေးဆပ်ပေးပါလို့။ အခုဆိုရင် ကိုဗစ်ကြောင့် အလုပ်အကိုင်တွေ ပြိုလဲကြရတယ်။ လူတွေရဲ့ စားဝတ်နေရေးတွေ ခက်ခဲကြရတယ်။ ကျွန်တော်တို့ တိုင်းပြည်တင်တော့ မကဘူးပေ့ါဗျာ။ တစ်ကမ္ဘာလုံးဖြစ်ကြရတာ။ ဒါကို ပြန်လည် ကုစားကြရမယ့်အချိန် တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးအတွက်ဆိုပြီး ဆရာဝန်က ဆေးမကုပေးတာ၊ ဆရာက စာမသင်တာ၊ လုပ်သားတွေက အလုပ်မဆင်းတာမျိုးတွေဟာ တိုင်းပြည်ကို ထိခိုက်အောင်လုပ်နေတာပဲပေ့ါ မစာဥရယ်။ ဒါကြောင့် သွေးခွဲပေးမယ့် တို့မီးရှို့မီးတွေကို ရှောင်ရှားပါ။ တစ်လအတွင်း မဟုတ်ပါဘူးဗျာ။ ချက်ချင်းကို တိုင်းပြည်အတွက် တည်ငြိမ်အေးချမ်းအောင် အဖျက်အမှောင့်လုပ်ရပ်တွေကို ရပ်ပေးပါလို့ ကျွန်တော်ကတော့ တောင်းဆိုချင်။**

ပြောတယ်။ လက်ရှိမှာတော့ ရှောင်နေရတယ်ရှင့်။ သူက သတင်းစာထဲမှာလည်း အရေးယူဖို့ ကြေညာထားတာ ခံနေရတော့ ပုန်းနေရှာတယ်ထင်ပါရဲ့။ သူပြောတာတော့ သူတို့က တစ်လအတွင်း ပြန်လာမှာတဲ့။ သူတို့တွေက ပြောက်ကျားနည်းနဲ့တော်လှန်နေတာတဲ့”

“တစ်လကြာရင်ပြန်လာမတဲ့လား မစာဥရယ်။ ခင်ဗျားမိတ်ဆွေကြီးကို မေးကြည့်လိုက်ပါဦး ဘယ်လိုပြန်လာမှာလဲဆိုတာကို။ ပြန်လာခဲ့ပေ့ါဗျာ။ ပြီးရင် တိုင်းပြည်နဲ့ လူမျိုးကို အဆိပ်သင့်အောင်၊ ဘေးဖြစ်အောင် လုပ်ခဲ့တဲ့ လုပ်ရပ်ရှိရင် ပြန်ပြီး အပြစ်ကျေတဲ့အထိ ပေးဆပ်ပေးပါလို့။ အခုဆိုရင် ကိုဗစ်ကြောင့် အလုပ်အကိုင်တွေ ပြိုလဲကြရတယ်။ လူတွေရဲ့ စားဝတ်နေရေးတွေ ခက်ခဲကြရတယ်။ ကျွန်တော်တို့ တိုင်းပြည်တင်တော့ မကဘူးပေ့ါဗျာ။ တစ်ကမ္ဘာလုံးဖြစ်ကြရတာ။ ဒါကို ပြန်လည်ကုစားကြရမယ့်အချိန် တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးအတွက်ဆိုပြီး ဆရာဝန်က ဆေးမကုပေးတာ၊ ဆရာက စာမသင်တာ၊ လုပ်သားတွေက အလုပ်မဆင်းတာမျိုးတွေဟာ တိုင်းပြည်ကို ထိခိုက်အောင် လုပ်နေတာပဲပေ့ါ မစာဥရယ်။ ဒါကြောင့် သွေးခွဲပေးမယ့် တို့မီးရှို့မီးတွေကို ရှောင်ရှားပါ။ တစ်လအတွင်း မဟုတ်ပါဘူးဗျာ။ ချက်ချင်းကို တိုင်းပြည်အတွက် တည်ငြိမ်အေးချမ်းအောင် အဖျက်အမှောင့်လုပ်ရပ်တွေကို ရပ်ပေးပါလို့ ကျွန်တော်ကတော့ တောင်းဆိုချင်တာပါပဲ”

ကိုသံချောင်းနှင့်မစာဥတို့ စကားဝိုင်းကလေး ရုတ်တရက် တိတ်ဆိတ်သွားသည်။ ပတ်ဝန်းကျင်တွင် ရာသီဥတုက ခုနကနှင့်မခြား သာယာလျက်ရှိပေပြီ။ မစာဥကလည်း တိတ်ဆိတ်လျက်သား။ မိုးစဲ၍ တိမ်ကင်းစင်သွားသည်နှင့်တစ်ပြိုင်နက် နေရောင်ခြည်က လန်းဆန်းတောက်ပစွာ အလင်းနုနုကိုပေးသည်။ သက်တံတို့က ပေါ်ထွန်းလျက်…၊ ကျေးငှက်မောင်နှံတို့ ဟိုမှသည်မှ ပျံသန်းတွန်ကျူးလျက်နှင့် အပျိုကြီး၊ လူပျိုကြီးနှစ်ဦးကို ကျီစယ်နေသလို…။ သာယာလှပေပြီ။ မြန်မာနိုင်ငံတော်ကြီးလည်း တိမ်မြူကင်း၍ လင်းချင်းလိုလှပါပြီဟုသာ…။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်



သပိတ်ကျင်းမြို့၌ မဲစာရင်းများအား စစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံ

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မဲရုံ ၁၀၁ ရုံ | ၁၁၃၆၆၉ | ၁၀၀၄၄၈ | ၂၉၄၁၆ | ၇၃၆ | ၉၁၃၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မဲရုံ ၁၄၂ ရုံ | ၁၁၁၇၀၇ | ၈၁၁၆၃ | ၈၃၀၆ | ၆၈၉ | ၁၁၅၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင် ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၄၃၊ စုစုပေါင်း ထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၄၆၈၄၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၁၆၆၃၈၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၀၄၆၅ ၊ မြေပြင်လက်ကျန် ၆၅၆၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၆၀၄၆ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၂၇၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သပိတ်ကျင်းမြို့နယ် | ၁၀၁ | ၁၁၈၉၉၅ | ၈၁၁၁၅ | ၃၇၈၈၀ | ၃၀၅၇၂ | ၇၆၇၈ | ၃၇၀ |
| ၂ | ငါန်းဇွန်မြို့နယ် | ၁၄၂ | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |
| | **စုစုပေါင်း** | **၂၄၃** | **၂၄၆၈၄၅** | **၁၆၆၃၈၀** | **၈၀၄၆၅** | **၆၅၆၈၉** | **၁၆၀၄၆** | **၁၂၇၀** |

**သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ မဲရုံပေါင်း ၁၀၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၁၈၉၉၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၁၁၁၅ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၇၈၈၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၅၇၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၈၅၅၀ | ၈၀၆၈၈ | ၃၇၈၆၂ | ၃၀၅၅၄ | ၇၆၇၈ | ၃၇၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၄၅ | ၄၂၇ | ၁၈ | ၁၈ | | |
| | **စုစုပေါင်း** | **၁၁၈၉၉၅** | **၈၁၁၁၅** | **၃၇၈၈၀** | **၃၀၅၇၂** | **၇၆၇၈** | **၃၇၀** |

၆။ သပိတ်ကျင်းမြို့နယ် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ မဲရုံပေါင်း ၁၀၁ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၇၆၇၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃၇၀ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၈ စောင်ဖြစ်ပြီး မြေပြင်တွင်လည်း ၁၈ စောင် ကျန်ရှိနေသဖြင့် ကိုက်ညီမှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု ကွင်း(၃၀)(၂) မဲရုံအမှတ်(၈) နှင့် အင်းနက်ကျေးရွာအုပ်စု၊ မြိုင်သာယာ မဲရုံအမှတ်(၅)တို့တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ မတွေ့သဖြင့် ဆန္ဒမဲ လက်မှတ်များကိုသာ ရေတွက်စစ်ဆေးခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်မဲလက်မှတ်အရေအတွက်နှင့် လက်ကျန်ဆန္ဒမဲအရေအတွက်စာရင်းများ အတိအကျမရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၈။ သပိတ်ကျင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆိပ်ကမ်းရပ်ကွက် | ၂၅၅၀ | ၁၇၁၅ | ၈၃၅ | ၈၃၅ | | |
| ၂ | ကဘဲ့ရပ်ကွက် | ၂၀၅၀ | ၁၃၀၇ | ၇၄၃ | ၆၄၇ | ၉၆ | |
| ၃ | ၇ မိုင်ချမ်းသာကျေးရွာအုပ်စု | ၈၄၀၀ | ၅၄၅၅ | ၂၉၄၅ | ၂၀၀၇ | ၉၃၈ | |
| ၄ | ဝါးဖြူတောင်ကျေးရွာအုပ်စု | ၃၄၀၀ | ၂၈၃၄ | ၅၆၆ | ၃၆၆ | ၂၀၀ | |
| ၅ | ကျောက်လှည်းဘီးကျေးရွာအုပ်စု | ၁၉၀၀ | ၁၃၇၄ | ၅၂၆ | ၅၂၆ | | |
| ၆ | အုံးဖုံးကျေးရွာအုပ်စု | ၂၄၀၀၀ | ၁၆၄၉၉ | ၇၅၀၁ | ၆၂၄၉ | ၁၂၅၂ | |
| ၇ | ချောင်းကြီးကျေးရွာအုပ်စု | ၁၁၁၅၀ | ၈၁၁၆ | ၃၀၃၄ | ၂၉၀၂ | ၁၃၂ | |
| ၈ | ကျောက်ကြီးကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၀၄ | ၆၄၆ | ၃၉၆ | ၂၅၀ | |
| ၉ | ငွေးပင်မှော်ကျေးရွာအုပ်စု | ၁၄၀၀ | ၇၃၄ | ၆၆၆ | ၆၆၆ | | |
| ၁၀ | ရေညာဦးကျေးရွာအုပ်စု | ၉၀၀ | ၆၆၀ | ၂၄၀ | ၂၄၀ | | |
| ၁၁ | တွင်းငယ်ကျေးရွာအုပ်စု | ၆၃၅၀ | ၄၈၇၆ | ၁၄၇၄ | ၁၄၂၃ | ၅၁ | |
| ၁၂ | စမွဲယ်နဂိုရ်ကျေးရွာအုပ်စု | ၄၆၀၀ | ၂၉၈၈ | ၁၆၁၂ | ၁၁၁၂ | ၅၀၀ | |
| ၁၃ | ကျောက်ဖြာကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၇၇ | ၃၂၃ | ၃၂၃ | | |
| ၁၄ | ကြာညှပ်ကျေးရွာအုပ်စု | ၁၀၂၀၀ | ၈၃၅၈ | ၁၈၄၂ | ၁၇၄၆ | ၉၆ | |
| ၁၅ | ဝါးရုံကုန်းကျေးရွာအုပ်စု | ၂၉၀၀ | ၂၁၉၁ | ၇၀၉ | ၇၀၈ | ၁ | |
| ၁၆ | လက်ပံကုန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၃၂၉ | ၈၇၁ | ၅၇၁ | ၃၀၀ | |
| ၁၇ | မကျီးကုန်းကျေးရွာအုပ်စု | ၄၄၀၀ | ၂၉၂၈ | ၁၄၇၂ | ၁၆၃၂ | | ၁၆၀ |
| ၁၈ | ကျောက်ဖြူကျေးရွာအုပ်စု | ၂၉၀၀ | ၁၉၉၁ | ၉၀၉ | ၉၀၉ | | |
| ၁၉ | မိုင်းဒိုင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၄၆ | ၇၅၄ | ၉၆၄ | | ၂၁၀ |
| ၂၀ | အင်းနက်ကျေးရွာအုပ်စု | ၅၇၅၀ | ၃၇၁၃ | ၂၀၃၇ | ၁၃၃၈ | ၆၉၉ | |
| ၂၁ | ဖုန်ကုန်းကျေးရွာအုပ်စု | ၃၆၅၀ | ၂၂၂၅ | ၁၄၂၅ | ၁၁၇၃ | ၂၅၂ | |
| ၂၂ | ကျောက်အိုက်ကျေးရွာအုပ်စု | ၁၃၅၀ | ၃၈၁ | ၉၆၉ | ၆၅၉ | ၃၁၀ | |
| ၂၃ | ပေါက်တပင်ကျေးရွာအုပ်စု | ၃၂၅၀ | ၂၃၄၈ | ၉၀၂ | ၅၅၁ | ၃၅၁ | |
| ၂၄ | အမှတ်(၁)ရပ်ကွက်၊တကောင်းမြို့ | ၃၄၅၀ | ၁၈၅၅ | ၁၅၉၅ | ၅၉၅ | ၁၀၀၀ | |
| ၂၅ | အမှတ်(၂)ရပ်ကွက်၊တကောင်းမြို့ | ၂၃၀၀ | ၁၅၁၀ | ၇၉၀ | ၆၉၀ | ၁၀၀ | |
| ၂၆ | အမှတ်(၃)ရပ်ကွက်၊တကောင်းမြို့ | ၁၈၀၀ | ၁၂၅၀ | ၅၅၀ | ၅၅၀ | | |
| ၂၇ | ဆယ်ဇင်းကုန်းကျေးရွာအုပ်စု | ၂၄၅၀ | ၅၂၄ | ၁၉၂၆ | ၇၇၆ | ၁၁၅၀ | |
| | **ရပ်/ကျေးချုပ်စုစုပေါင်း** | **၁၁၈၅၅၀** | **၈၀၆၈၈** | **၃၇၈၆၂** | **၃၀၅၅၄** | **၇၆၇၈** | **၃၇၀** |
| | **မြို့နယ်ကြိုတင်မဲလက်မှတ်** | **၄၄၅** | **၄၂၇** | **၁၈** | **၁၈** | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | **၁၁၈၉၉၅** | **၈၁၁၁၅** | **၃၇၈၈၀** | **၃၀၅၇၂** | **၇၆၇၈** | **၃၇၀** |

စာမျက်နှာ ၁၉ သို့ ✻

✽ စာမျက်နှာ ၁၈ မှ

## ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ မဲရုံပေါင်း ၁၄၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၂၇၈၅၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၅၂၆၅၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၂၅၈၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၅၁၁၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၁၈၂၀၀ | ၈၅၀၆၇ | ၃၃၁၃၃ | ၂၄၇၆၅ | ၈၃၆၈ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၉၈ | ၁၉၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၄၅၂ | | ၉၄၅၂ | ၁၀၃၅၂ | | ၉၀၀ |
| | စုစုပေါင်း | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |

၁၀။ ငါန်းဇွန်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ မဲရုံပေါင်း ၁၄၂ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၈၃၆၈ ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၉၄၅၂ ဖြစ်သော်လည်း မြေပြင်တွင် ၁၀၃၅၂ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၉၀၀ ပိုနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ငါန်းဇွန်မြို့နယ်၊ မကြီးကြပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၃)တွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားခြင်းမရှိပါ။ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂ | ၃၂၀၀ | ၂၀၅၄ | ၁၁၄၆ | ၇၅၅ | ၃၉၁ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁ | ၈၅၀ | ၅၃၇ | ၃၁၃ | ၁၁၃ | ၂၀၀ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၂၄ | ၃၇၆ | ၂၇၆ | ၁၀၀ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၁ | ၁၇၅၀ | ၁၂၄၂ | ၅၀၈ | ၄၅၈ | ၅၀ | |
| ၅ | သောင်ပြင်ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၂၉ | ၄၂၁ | ၃၂၁ | ၁၀၀ | |
| ၆ | အနောက်တောကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၆၆၇ | ၅၈၃ | ၂၇၃ | ၃၁၀ | |
| ၇ | ဂျိုကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၆၇ | ၂၃၃ | ၁၈၅ | ၄၈ | |
| ၈ | ပန်းကျေးရွာအုပ်စု | ၆ | ၃၅၀၀ | ၂၆၂၃ | ၈၇၇ | ၅၇၇ | ၃၀၀ | |
| ၉ | တောင်လယ်တောကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၆၈ | ၅၈၂ | ၄၈၂ | ၁၀၀ | |
| ၁၀ | ထွန်းသာကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၇၃ | ၂၇၇ | ၂၇၇ | | |
| ၁၁ | တမာပင်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၀၅၅ | ၆၉၅ | ၅၉၅ | ၁၀၀ | |
| ၁၂ | ရွာသစ်ကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၂၄၈ | ၅၀၂ | ၄၀၂ | ၁၀၀ | |
| ၁၃ | ကျောက်တလုံးကျေးရွာအုပ်စု | ၆ | ၄၁၅၀ | ၂၈၄၈ | ၁၃၀၂ | ၁၃၀၂ | | |
| ၁၄ | ခြသေ့်လက်ကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၅၇၄ | ၈၇၆ | ၇၇၆ | ၁၀၀ | |
| ၁၅ | သနပ်စစ်ကျေးရွာအုပ်စု | ၆ | ၅၂၀၀ | ၂၉၃၆ | ၂၂၆၄ | ၄၆၄ | ၁၈၀၀ | |
| ၁၆ | စီတောင်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၁၆၅ | ၄၃၅ | ၂၃၅ | ၂၀၀ | |
| ၁၇ | မြို့သာကျေးရွာအုပ်စု | ၇ | ၇၆၀၀ | ၅၉၀၇ | ၁၆၉၃ | ၁၂၉၃ | ၄၀၀ | |
| ၁၈ | ဂွန်းကန်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၃၉၂ | ၁၀၀၈ | ၃၅၈ | ၆၅၀ | |
| ၁၉ | ရွှေတောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၄၉ | ၂၅၁ | ၂၅၁ | | |
| ၂၀ | သရက်ကန်ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၈၀၅ | ၉၉၅ | ၉၉၅ | | |
| ၂၁ | ပျင်းလှတောကျေးရွာအုပ်စု | ၅ | ၂၄၅၀ | ၁၆၃၅ | ၈၁၅ | ၇၁၁ | ၁၀၄ | |
| ၂၂ | ကျွဲဇိမ်ကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၅၆၇ | ၅၃၃ | ၄၈၃ | ၅၀ | |
| ၂၃ | ပေါက်စိမ်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၁၀ | ၃၄၀ | ၁၄၀ | ၂၀၀ | |
| ၂၄ | မင်းနေကုန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၂၆ | ၁၇၄ | ၁၇၄ | | |
| ၂၅ | သံဘိုကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၂၉၇ | ၆၀၃ | ၆၀၃ | | |
| ၂၆ | ဖြူတွင်းကုန်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၆၆ | ၁၃၄ | ၁၃၄ | | |



ငါန်းဇွန်မြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၂၇ | ကောင်းဇင်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၁၃ | ၂၈၇ | ၂၈၇ | | |
| ၂၈ | သံကုန်းကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၇၇၂ | ၆၂၈ | ၆၂၈ | | |
| ၂၉ | ငါးလွှန့်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၆၁ | ၃၃၉ | ၃၃၉ | | |
| ၃၀ | ဆပ်ပျာကျင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၂၄ | ၅၇၆ | ၂၆၆ | ၃၁၀ | |
| ၃၁ | မဂျီကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၇၁၇ | ၅၃၃ | ၅၃၃ | | |
| ၃၂ | ရေလယ်သောင်ကျေးရွာအုပ်စု | ၇ | ၃၅၅၀ | ၂၅၄၁ | ၁၀၀၉ | ၆၅၉ | ၃၅၀ | |
| ၃၃ | ကုလားကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၄၅၆ | ၄၉၄ | ၄၉၄ | | |
| ၃၄ | ဆင်တပ်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၁၀ | ၆၄၀ | ၆၄၀ | | |
| ၃၅ | ရွာဘိုကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၉၆ | ၂၅၄ | ၂၅၄ | | |
| ၃၆ | ဆင်ဖြူကုန်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၃၂ | ၅၁၈ | ၄၁၈ | ၁၀၀ | |
| ၃၇ | လက်ပံသာကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၅၁ | ၁၉၉ | ၁၉၉ | | |
| ၃၈ | ရေဇင်းကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၂၇၀ | ၅၃၀ | ၅၃၀ | | |
| ၃၉ | သကျင်ကျေးရွာအုပ်စု | ၃ | ၄၂၅၀ | ၃၁၅၀ | ၁၁၀၀ | ၉၅၀ | ၁၅၀ | |
| ၄၀ | လက်ပကျင်းကျေးရွာအုပ်စု | ၄ | ၃၉၅၀ | ၃၀၄၂ | ၉၀၈ | ၆၅၈ | ၂၅၀ | |
| ၄၁ | မကြီးကြပ်ကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၁၉၆၄ | ၁၄၃၆ | ၅၇၆ | ၈၆၀ | |
| ၄၂ | နတ်ကြီးကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၆၆၇ | ၇၃၃ | ၆၃၃ | ၁၀၀ | |
| ၄၃ | မရိုးကုန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၉၅ | ၄၀၅ | ၃၅၅ | ၅၀ | |
| ၄၄ | မိုးတောင်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၅၇ | ၇၉၃ | ၇၄၃ | ၅၀ | |
| ၄၅ | သရက်ချိုပင်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၉၅ | ၄၀၅ | ၃၀၅ | ၁၀၀ | |
| ၄၆ | ကုန်းလည်ကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၂၅၁ | ၇၉၉ | ၅၁၁ | ၂၈၈ | |
| ၄၇ | ငါန်းမြာကျေးရွာအုပ်စု | ၆ | ၅၈၀၀ | ၃၈၁၁ | ၁၉၈၉ | ၁၅၃၂ | ၄၅၇ | |
| ၄၈ | အိုင်သာကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၄၂၈ | ၆၂၂ | ၆၂၂ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၄၂ | ၁၁၈၂၀၀ | ၈၅၀၆၇ | ၃၃၁၃၃ | ၂၄၇၆၅ | ၈၃၆၈ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၉၈ | ၁၉၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၉၄၅၂ | | ၉၄၅၂ | ၁၀၃၅၂ | | ၉၀၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၂ | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၉-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(၁၅.၄.၂၀၂၂ ရက်နေ့မှအဆက်)

၆၁။ **ခေတ်ပုံရိပ်သတင်းဂျာနယ်မှ ဦးမောင်မောင်မြင့်**က ယခုအမှတ်စဉ် ၄/၂၀၂၂ သတင်းစာရှင်းလင်းပွဲကို ကြိုးစားပြီးလာခဲ့ကြောင်း၊ အစိုးရအုပ်ချုပ်ရေးအဖွဲ့မှ သတင်းမီဒီယာများအား ထုတ်ပြန်ကြေညာပေးခဲ့ပြီး သတင်းမီဒီယာများ၏ စီးဆင်းမှုနှင့် ပြည်သူလူထုဆီကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဆောင်ရွက်ပေးသောပွဲဖြစ်သည့်အတွက် ရောက်အောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာများတွင် သုံးလေ့ရှိသောစကားလည်းဖြစ်ပြီး ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုပုဒ်မများတွင် ကျင့်သုံးနေသော အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအလို့ငှာ ဆိုသည့်အတိုင်း အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးရှိမည့် မေးခွန်းများ မေးမြန်းသွားမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအပိုင်း၊ မီဒီယာအပိုင်းနှင့် အများပြည်သူ အကျိုးရှိမည့် မေးခွန်းများ မေးမြန်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အုပ်ချုပ်ရေးအာဏာကို လွှဲယူခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) တွင် ပါရှိသော အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ပုဒ်မ ၄၁၇ ကို ရှင်းလင်းပြသခဲ့ကြောင်း၊ တပ်မတော်မှ အာဏာလိုချင်၍ သိမ်းသည်ဆိုသော အချက်ကိုသာ ပြည်သူလူထုမှ နားလည်ထားပြီး ပြည်သူလူထုနားမလည်နိုင်သော အချက်တစ်ချက်ရှိကြောင်း၊ ပုဒ်မ ၄၁၇ တွင် ပါရှိသောအချက်များအရ အုပ်ချုပ်ရေးအာဏာကို ဆူပူခြင်း၊ အကြမ်းဖက်ခြင်း၊ မတရားရယူခြင်းတို့ကြောင့် အာဏာကို ထိန်းသိမ်းခဲ့ရသည်ဆိုသည်ကို ပြည်သူလူထု သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးရန်လိုပါကြောင်း၊ အုပ်ချုပ်ရေးတွင် နိုင်ငံတော်မှ တိုင်းဒေသကြီး၊ ပြည်နယ်များကို စီမံခန့်ခွဲ၍ အုပ်ချုပ်မှုသည် အထက်အဆင့်များတွင် အဆင်ပြေသော်လည်း လက်ရှိအရေးပေါ်ကာလ ဖြစ်လာခဲ့သည်မှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှုအောက်ရှိ ပြည်သူလူထုများထဲမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးတွင် တည်ငြိမ်မှုမရှိသေးကြောင်း၊ ထို့ကြောင့် ဆူပူဆန္ဒပြမှုများ များပြားခဲ့ကြောင်း၊ ပြည်သူများ၏ ဆန္ဒပြမှုများကို အပြစ်ပြော၍ မရသကဲ့သို့ မှန်ကန်သည်ဟုလည်း မပြောလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အရ လွတ်လပ်စွာ ဆန္ဒပြခွင့်ရှိကြောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြသည့်အပိုင်းတွင် ၎င်းတို့ မှန်ကန်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက်ပိုင်း အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ဆောင်မှုများ၊ မီးရှို့သည့်အပိုင်းများ ဖြစ်လာသည့်အခါ နိုင်ငံတော်မှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကို တိကျခိုင်မာစွာ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိ၊ မရှိ သိလိုကြောင်း၊ မီဒီယာအနေဖြင့် မီဒီယာကြီးမှ မဟုတ်ကြောင်း၊ နယ်ဘက်ကျေးရွာများတွင် လက်ရှိဖြစ်နေသော အကြောင်းအရာများအား ဖော်ပြလိုခြင်းကြောင့် စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ အမှန်တရားအကြောင်းကို မီဒီယာကြီးတစ်ခုမှ မိမိအား မေးမြန်းဖူးပါကြောင်း၊ အမှန်တရားသည် အများပြည်သူ၏ ဆန္ဒအရ၊ အများပတ်ဝန်းကျင်၏ လိုလားချက်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသည်သာ အမှန်တရားဟု မိမိမှ ပြန်လည်ဖြေကြားခဲ့ကြောင်း၊ အဖြေမှန်သည်၊ မှားသည်ကို မသိပါကြောင်း၊ အမှန်တရားဆိုသည်မှာ တရားဥပဒေနှင့်ညီညွတ်ရမည်ဟု မိမိနားလည်ထားပါကြောင်း၊ မိမိနှင့်မိသားစုနီးစပ်ရာ ပတ်ဝန်းကျင်အားလုံးကို ဥပဒေလေးစားလိုက်နာရန် အမြဲတိုက်တွန်းကြောင်း၊ မီဒီယာအပိုင်းတွင် အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ဘုန်းတော်ဘွဲ့အခမ်းအနား၊ ဖဲကြိုးဖြတ်သတင်းများရေးပြီး တစ်ဖက်ကို အထင်သေးစေသော၊ သိက္ခာကျစေသော၊ ထိခိုက်စေသော သတင်းများရေးသားသည့် မီဒီယာများရှိကြောင်း၊ ယင်းမီဒီယာများကိုလည်း အရေးယူပြီးဟုသိရကြောင်း၊ မိမိတို့လို မီဒီယာငယ်များအနေဖြင့် သတင်းတစ်ချက်အရေးမှားပါက မကျေနပ်မှုကြောင့် လုပ်ကြံမှုများရှိသည့်အတွက် အရေးယူမည်ဆိုပါက မီဒီယာကောင်စီဖြင့် ညှိနှိုင်းဆောင်ရွက်ရန် အတိုင်းအတာအနေဖြင့် မိမိတို့မီဒီယာငယ်များကို အထောက်အကူ၊ အကာအကွယ်ပြုနိုင်သည့် စီမံချက်ရှိ/မရှိ သိလိုကြောင်း၊ အများပြည်သူအရေးဆိုသည်မှာ ပြည်သူလူထု အောက်ခြေလူတန်းစားကို ပြောလိုကြောင်း၊ အများပြည်သူဟုဆိုရာတွင် အများပြည်သူဆိုတိုင်း ဥပဒေနှင့်မညီသောအရာ ပြုလုပ်သူတိုင်းကို ပြည်သူမှန်သည်ဟု မည်သည့်အခါမှ မရေးခဲ့ပါကြောင်း၊ တရားဥပဒေနှင့်ညီညွတ်စွာဆောင်ရွက်ပါမှ အများပြည်သူအရေးကို နိုင်ငံတော်မှ ကြည့်ရှုဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်ကာလသည် ၂၀၁၉ ခုနှစ် မတ်လမှစပြီး တားဆီးမှု၊ ပိတ်ပင်မှုများရှိကြောင်း၊ ပြည်သူလူထု အောက်ခြေလူတန်းစားများ အလုပ်အကိုင်အခက်အခဲများဖြစ်ခဲ့ရကြောင်း၊ အခက်အခဲဖြစ်သည့်အတွက် သွားလာမှုအပိုင်းအတွက် နံပါတ်တစ်ပြောလိုကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ယခုကာလအတွင်း လုပ်ငန်းရှင်ဖြစ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် လူမပြည့်သည့်အတွက် နှစ်ခုံတစ်ယောက်ပေးရခြင်းကြောင့် နစ်နာမှုရှိကြောင်း၊ ပြည်သူလူထုဘက်မှလည်း တစ်ခုံနှစ်ယောက်စာပေးစီးရသည့်အတွက် နစ်နာမှုရှိကြောင်း၊ ပြည်သူလူထုသည် အရေးပေါ်အခြေအနေ တစ်ရပ်ကြောင့် ခါးစည်းခံရသည့်သဘောဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် နိုင်ငံတော်မှ စီစဉ်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ လက်လုပ်လက်စားများ အရေးပေါ်အခြေအနေကြောင့် အပြင်မထွက်ရသည်များရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အပြင်မထွက်ရသည်များလည်း ရှိပါကြောင်း၊ လက်လုပ်လက်စား၊ တစ်နေ့လုပ် တစ်နေ့စား ပြည်သူများ အလုပ်အကိုင်အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု လုပ်ကိုင်မည့်အခွင့်အလမ်းများ ဖွင့်ပေးစေလိုကြောင်း၊ အခွင့်အလမ်းများဖွင့်ပေးရန် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကို တည်ငြိမ်အောင်၊ ပီပြင်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။



ဆန္ဒပြ ဆူပူအကြမ်းဖက်သူများအသုံးပြုသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**သတင်းမီဒီယာကောင်စီ**

၆၂။ **ဗိုလ်ချုပ်ဇော်မင်းထွန်း**က အုပ်ချုပ်ရေးအပိုင်းအနေဖြင့် မိမိဖြေကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် ဖြစ်နေသည့်ကိစ္စများ၊ အောက်ခြေတွင် ပြည်သူလူထု ခံစားနေရသောကိစ္စများ မိမိသိရှိပါကြောင်း၊ အမြဲတမ်းနားစွင့်နေကြောင်း၊ အမြဲတမ်းသတင်းပေးမှုများ၊ ပြောဆိုမှုများကြောင့် သိရှိရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးများတွင် ပြောရမည်ဆိုပါက တက်ကြွသည့်လူများလုပ်နေသည်ဟု ပြောနေသော်လည်း အမှန်တကယ် လက်တွေ့အခြေအနေတွင် လူမိုက်များကသာ လုပ်ဆောင်နေကြောင်း၊ အုပ်ချုပ်နေကြောင်း၊ လူမိုက်များက ဒလန်ဟုပြောသူကိုသတ်ကြပြီး ဒလန်ဟုပြောသည့်အိမ်ကို မီးရှို့နေကြောင်း၊ ယခုနောက်ပိုင်း သာမန်ပြည်သူများကိုပင် ဆွဲထုတ်သည့်အခြေအနေဆိုးများ ဖြစ်နေပါကြောင်း၊ မိမိပြောလိုသည်မှာ တရားဥပဒေစိုးမိုးရေးအတွက် အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မီဒီယာအပိုင်းအနေဖြင့် ပြောလိုသည်မှာ သတင်းမီဒီယာကောင်စီ၏ ဥပဒေနှင့်နည်းဥပဒေများရှိကြောင်း၊ ယခုအချိန်အထိ ညှိနှိုင်းဆောင်ရွက်နေခြင်းများရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းမီဒီယာဥပဒေနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ သတင်းမီဒီယာဥပဒေပြဋ္ဌာန်းချက်များအရ နစ်နာသူများမှ တိုက်ရိုက်ရာဇသတ်ကြီးဖြင့်တရားစွဲခြင်း နစ်နာသူဥပဒေဖြင့် တရားစွဲပါက သတင်းမီဒီယာကောင်စီသည်လည်း တရားရုံးအထိရောက်ရှိပါက မည်သို့မှမတတ်နိုင်ပါကြောင်း၊ သတင်းမီဒီယာကောင်စီအနေဖြင့် ဖြေလျှော့ပေးသည့် လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများအနေဖြင့် တရားစွဲဆိုပါက သတင်းမီဒီယာကောင်စီဖြင့် ညှိနှိုင်း၍ဆောင်ရွက်လျက်ရှိကြောင်း၊ လက်လုပ်လက်စား ပြည်သူလူထု၏ အခွင့်အလမ်းအနေအထား ပြောလိုသည်မှာ တပ်မတော်အနေဖြင့် ယခင်ကတည်းကတိုင်း ရိက္ခာလေးမျိုး ဝေငှပေးခဲ့မှုများရှိကြောင်း၊ လုံလောက်မှုရှိမည်မဟုတ်ကြောင်း၊ အဓိကဆောင်ရွက်ရမည့်ကိစ္စမှာ အောက်ခြေအဆင့်အထိ လုပ်နိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်တွေ့ဆောင်ရွက်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

၆၃။ **ခေတ်ပုံရိပ်သတင်းဂျာနယ်မှ ဦးမောင်မောင်မြင့်**က ပြည်သူလူထုအတွက် သိလိုပါကြောင်း၊ အောက်ခြေလူတန်းစားများ ချေးငွေချေးထားခြင်းများရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အလုပ်မရှိသည့်အတွက် ချေးငွေပြန်ဆပ်ရန် အခက်အခဲဖြစ်နေကြောင်း၊ မဆပ်နိုင်သေးသည့်အတွက် နိုင်ငံတော်က မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ယခင်အစိုးရလက်ထက်တွင် ယခုကာလအတွင်း လုပ်ငန်းရှင်ဖြစ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် လူမပြည့်သည့်အတွက် နှစ်ခုံတစ်ယောက်ပေးရခြင်းကြောင့် နစ်နာမှုရှိကြောင်း၊ ပြည်သူလူထုဘက်မှလည်း တစ်ခုံနှစ်ယောက်စာ ပေးစီးရသည့်အတွက် နစ်နာမှုရှိကြောင်း၊ ပြည်သူလူထုသည် အရေးပေါ်အခြေအနေ တစ်ရပ်ကြောင့် ခါးစည်းခံရသည့်သဘောဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် နိုင်ငံတော်မှ စီစဉ်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း၊ လက်လုပ်လက်စားများ အရေးပေါ်အခြေအနေကြောင့် အပြင်မထွက်ရသည်များ ရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အပြင်မထွက်ရသည်များလည်း ရှိပါကြောင်း၊ လက်လုပ်လက်စား၊ တစ်နေ့လုပ်တစ်နေ့စား ပြည်သူများ အလုပ်အကိုင် အခက်အခဲများဖြစ်ပေါ်ခဲ့။**

စာမျက်နှာ ၂၁ သို့ ❍

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အနိုင်ရရှိသူများကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ အာဏာသိမ်းသည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ယူထိန်းသိမ်းထားပြီး ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒလမ်းစဉ်များကို အတိအလင်းပြောပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များ ကုန်ပြီဆိုလျှင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကမ္ဘာသိအာမခံပြီးဖြစ်ကြောင်း၊ ယင်းကတိအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်။**

○ စာမျက်နှာ ၂၀ မှ

၆၄။ **ဗိုလ်ချုပ်ဖော်မင်းထွန်းက** ယင်းကိစ္စနှင့်ပတ်သက်ပြီး မှတ်သားထားမည်ဖြစ်ကြောင်း၊ မူဝါဒလည်း ရှင်းရှင်းလင်းလင်း မသိသေးကြောင်း၊ သက်ဆိုင်ရာကို မေးမြန်းပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

၆၅။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်** က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ ဖမ်းဆီးခံထားရသည့် သတင်းသမားများ အယောက် ၆၀ ထက်မနည်း ရှိသည်ဟု သိရပါကြောင်း၊ ထိုအထဲတွင် အယောက် ၃၀ကျော်သည် ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲခံထားရသည်ဟု သိရကြောင်း၊ ယခုကဲ့သို့ ဖမ်းဆီးခြင်းသည် သတင်းရေးသား တင်ဆက်နေသည့် သတင်းထောက်များ၏ လွတ်လပ်စွာပြောဆိုခွင့်အတွက် အတားအဆီးဖြစ်၊ မဖြစ်ကို သိလိုပါကြောင်း၊ ယခုအချိန်တွင် ၎င်းတို့ကို အမြန်ဆုံးလွတ်မြောက်စေလိုပါကြောင်း၊ မိမိမေးလိုသည်မှာ လက်ရှိတွင် သတင်းထောက် မည်မျှဖမ်းဆီးထားသည်ကို သိလိုကြောင်းနှင့် ၎င်းတို့ကို မည်သည့်ပုဒ်မများဖြင့် တရားစွဲဆိုမှုများ ပြုလုပ်ထားသည်ကို အတိအကျထုတ်ပြန်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**သတင်းမီဒီယာများကို ကန့်သတ်တားဆီးရန်မရှိ**

၆၆။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** အချို့နေရာများ၌ သတင်းထောက်များအနေဖြင့် ဖမ်းဆီးခဲ့ခြင်းမဟုတ်သည်ကို သိရပါကြောင်း၊ ယခုမေးခွန်းနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ဆန္ဒပြမှုများတွင် သတင်းရယူနေသည့် သတင်းထောက်တိုင်းကို ဖမ်းဆီးမှုမရှိပါကြောင်း၊ မှားယွင်းဖမ်းဆီးခံခဲ့ရခြင်းများ ရှိကောင်းရှိလိမ့်မည်ဖြစ်သော်လည်း မှားယွင်းဖမ်းဆီးမှုဖြစ်ကြောင်းကို အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ ပြောနိုင်သဖြင့် ပြန်လည်လွှတ်ပေးခဲ့သည့် သတင်းထောက်များလည်းရှိကြောင်း၊ အချို့သတင်းထောက်များမှာ သတင်းထောက်ဆိုသော်လည်း ဆန္ဒပြပွဲများကို ၎င်းတို့ကိုယ်တိုင် ဦးစီးဆောင်ရွက်ပြီး သတင်းရယူရိုက်ကူးထုတ်လွှင့်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အရေးယူခံရခြင်းဖြစ်ကြောင်း၊ ဥပဒေအရ အရေးယူရာတွင် သတင်းထောက်ဖြစ်၍ အရေးယူခြင်းမဟုတ်ဘဲ ပုဒ်မ ၅၀၅ နှင့် ငြိစွန်းသည့် လုပ်ဆောင်ချက်မျိုး လုပ်ဆောင်ခဲ့သည့်အတွက် အရေးယူခြင်းဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ဆန္ဒပြမှုများတွင် ဖမ်းဆီးခံရသည့် သတင်းထောက် အရေအတွက် စာရင်းအတိအကျ မိမိထံတွင်မရှိပါကြောင်း၊ သတင်းမီဒီယာများနှင့် ပတ်သက်၍ပြောရလျှင် မှန်ကန်သည့်သတင်း၊ ဘက်ညီသည့်သတင်း၊ တရားမျှတသည့် သတင်းများကို ရေးသားနေသည့် သတင်းမီဒီယာများကို ကန့်သတ်တားဆီးရန်မရှိပါကြောင်း၊ သို့သော် ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းများကို သွေးထိုးလှုံ့ဆော်၍ မမှန်မကန် ရေးသားနေသည့် သတင်းဌာနများကို ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၆၇။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်က** လက်ရှိအချိန်၌ အာဏာယူထားပြီး တစ်နှစ်ကြာသည့်အခါ၌ ရွေးကောက်ပွဲလုပ်ပေးမည်ဟုဆိုသော်လည်း နှစ်နှစ်ကြာနိုင်သည်ဟု ကြားသိနေရပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို မည်သည့်အချိန်တွင် ပြန်လည်ပြုလုပ်ပေးပြီး အနိုင်ရပါတီကို မည်သည့်ကာလတွင် အာဏာလွှဲပြောင်းပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**အရေးပေါ်ကာလအဖြစ် တစ်နှစ်ပြဋ္ဌာန်းထား**

၆၈။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** သတင်းထောက်ကြီး၏ မေးခွန်းမှာ အဓိကအနေဖြင့် အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ပါကြောင်း၊ ယခုလက်ရှိတွင် အရေးပေါ်ကာလအဖြစ် တစ်နှစ်ပြဋ္ဌာန်းထားကြောင်း၊ အရေးပေါ်ကာလအဖြစ် ကြေညာရာတွင် ပြဋ္ဌာန်းချက်များရှိကြောင်း၊ ယခုကြေညာထားသည့် တစ်နှစ်ဆိုသည်မှာ ပထမဦးဆုံး ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ၎င်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြောရလျှင် ကြေညာထားသည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများ မပြီးစီးပါက နောက်ထပ် ခြောက်လတိုးပိုင်ခွင့်ရှိပြီး ထိုကာလအတွင်း လုပ်ငန်းများပြီးစီးမှုမရှိပါက နောက်ထပ် ခြောက်လတိုးပိုင်ခွင့်ရှိကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များထဲတွင် ပါပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များတွင် ပုဒ်မ ၄၁၀ မှစပြီး ပုဒ်မ ၄၃၂ အထိရှိကြောင်း၊ ၎င်းတို့အထဲမှ ကိုးကားရမည့် အကြောင်းအရာများသည် ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၈၊ ပုဒ်မ ၄၁၉ တို့ဖြစ်ပြီး တာဝန်ယူခြင်းနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်နှစ်ဆိုသည်မှာ ခြောက်လ၊ ခြောက်လ နှစ်ကြိမ်ဖြစ်ကြောင်း၊ မိမိတို့ပြောနိုင်သည်မှာ အရေးပေါ်ကာလ ကြေညာထားခြင်းသည် နှစ်နှစ်အတွင်းပြီးစီးရမည်ဖြစ်ပြီး နှစ်နှစ်အတွင်း ရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပရမည်ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အနိုင်ရရှိသူများကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ အာဏာသိမ်းသည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ယူထိန်းသိမ်းထားပြီး ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒလမ်းစဉ်များကို အတိအလင်းပြောပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလပြဋ္ဌာန်းချက်များကုန်ပြီဆိုလျှင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကမ္ဘာသိ အာမခံပြီးဖြစ်ကြောင်း၊ ယင်းကတိအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၆၉။ **VOA သတင်းဌာနမှ သတင်းထောက် ဦးဇော်ထက်က** မိမိတို့သိထားသည်မှာ စစ်အုပ်ချုပ်ရေး ကြေညာထားသည့် မြို့နယ်များမှာ ရန်ကုန်၌ ခြောက်မြို့နယ်၊ မန္တလေး၌ ခြောက်မြို့နယ်ရှိကြောင်း၊ သို့သော်ဆန္ဒပြမှု အဓိကရုဏ်းဖြေရှင်းသည့်နေရာတွင် တွေ့ရသည်မှာ အားလုံးကို တစ်ပြေးညီတည်းပုံစံမျိုး လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ စစ်အုပ်ချုပ်ရေးကြေညာထားသည့် မြို့နယ်နှင့် စစ်အုပ်ချုပ်ရေး မကြေညာထားသည့် မြို့နယ်များကို မည်သို့ဖြေရှင်းမည်ကို သိလိုကြောင်းမေးမြန်းသည်။

၇၀။ **ဗိုလ်ချုပ်ဇော်မင်းထွန်းက** စစ်အုပ်ချုပ်ရေးသည် ရန်ကုန်၌သာရှိကြောင်း၊ စစ်အုပ်ချုပ်ရေး ကြေညာထားသည့်မြို့နယ်နှင့် စစ်အုပ်ချုပ်ရေး မကြေညာထားသည့်မြို့နယ် ကွာခြားမှုကို ပြောရလျှင် စစ်အုပ်ချုပ်ရေးမကြေညာမီ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားတာရှိကြောင်း၊ ၎င်းပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်မြို့များမှာ တစ်နိုင်ငံလုံးတွင် များပြားသည့်အတွက် စစ်အုပ်ချုပ်ရေးနှင့် ပုဒ်မ ၁၄၄ လွဲနေသည်ဟု ထင်ကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် မြို့နယ်များတွင် ညမထွက်ရအမိန့်ရှိပြီးဖြစ်ကြောင်း၊ လူ ငါးဦးအထက် ပိုမစုရဆိုသည်မှာလည်း ပုဒ်မ ၁၄၄ တွင် ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် တူညီသည်ဟု ထင်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရန်ကုန်၌ စစ်အုပ်ချုပ်ရေး ထုတ်ပြန်ထားသည့် ခြောက်မြို့နယ်ကို မိမိတို့အနေဖြင့်အုပ်ချုပ်နေမှုသည် စစ်အုပ်ချုပ်ရေးဆိုသည့် အသွင်သဏ္ဌာန်ထက် များစွာလျော့နည်းအုပ်ချုပ်နေသောကြောင့် တူညီနေသည်ဟု ထင်နေသည် ဖြစ်နိုင်ကြောင်း၊ အမှန်တကယ် စစ်အုပ်ချုပ်ရေးအရ အုပ်ချုပ်မည်ဆိုလျှင် ယခုလိုပုံမျိုးမဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

**စစ်အုပ်ချုပ်ရေးထုတ်ပြန်**


၇၁။ **အဆိုပါမေးမြန်းချက်နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** ဖြည့်စွက်ပြောကြားရာတွင် စစ်အုပ်ချုပ်ရေးထုတ်ပြန်သည် ဆိုသည်မှာ သက်ဆိုင်ရာတပ်မှူးကို အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ အစရှိသည်တို့ကို ကျင့်သုံးရန် အပ်နှင်းလိုက်ခြင်းဖြစ်ကြောင်း၊ ထိုသို့အပ်နှင်းရာတွင် စစ်အုပ်ချုပ်ရေးနယ်မြေ၌ ကျူးလွန်သည့်ပြစ်မှုများကို အရေးယူမှုနှင့် အခြားစစ်အုပ်ချုပ်ရေး မကြေညာထားသောနယ်မြေများတွင် ကျူးလွန်သည့်ပြစ်မှုများကို အရေးယူသည့်အပိုင်းတွင် ကွာခြားချက်များရှိကြောင်း၊ စစ်အုပ်ချုပ်ရေးနယ်မြေတွင် ပြစ်မှုများကို စစ်ခုံရုံးနှင့် စစ်ဆေးရန်အတွက် အခွင့်အာဏာ အပ်နှင်းထားပြီးဖြစ်ကြောင်း၊ ၎င်းကို တရားစီရင်ရမည့်အချိန်တွင် နယ်ဘက်တရားရုံးများနှင့် လုပ်ထုံးလုပ်နည်း ကွာခြားသွားမည်ဖြစ်ကြောင်း၊ အခြားစစ်အုပ်ချုပ်ရေး မကြေညာထားသည့်နယ်မြေများ၌ တရားစီရင်ရေးကဏ္ဍများတွင်လည်း သက်ဆိုင်ရာတရားရုံးများက စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယင်းကွာခြားမှုများရှိကြောင်း၊ စစ်အုပ်ချုပ်ရေး ကြေညာထားသည့်နယ်မြေများတွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာအခွင့်အာဏာ အပ်နှင်းခြင်းခံရသည့် တပ်မှူးမှ လိုအပ်သလို အမိန့်ထုတ်ပြန်ပြီး ဆောင်ရွက်၍ရကြောင်း စသည့်ကွာခြားချက်များရှိကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည်နှင့် မတူညီကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည်ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးအရ တစ်စုံတစ်ခုမလုပ်ရ၊ ညမထွက်ရ၊ လူငါးယောက်ပိုမစုရဟူ၍ ကန့်သတ်ထားခြင်းဖြစ်ပြီး စစ်အုပ်ချုပ်ရေးနှင့် မတူပါကြောင်း၊ စစ်အုပ်ချုပ်ရေးသည် သက်ဆိုင်ရာတပ်မှူးကို အလုံးစုံ အခွင့်အာဏာလွှဲအပ်လိုက်သည့်သဘောဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

»» စာမျက်နှာ ၂၂ မှ










နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာနှင့်ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေကြပြီး တစ်ဖက်တွင်လည်း ၎င်းတို့ရေးသားသည့် သတင်းအမှားများကို နိုင်ငံတော်အစိုးရယန္တရားပျက်ပြားလိုသည့်အဖျက်သမားများက လူမှုကွန်ရက်မှတစ်ဆင့် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နေကြကြောင်း တွေ့မြင်နေရပါသည်။

အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုများကြောင့် သေဆုံးသူများ၏စာရင်းအား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသော သတင်းအတု၊ သတင်းအမှားများကိုအခြေခံ၍ စုစည်းထားသည့်ကိန်းဂဏန်းများဖြင့် ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)က အမှန်တကယ်သေဆုံးသူများစာရင်းအဖြစ် ထုတ်ပြန်လျက်ရှိပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၅ ရက်နေ့အထိ သေဆုံးသူ ၇၂၆ ဦးအထိရှိကြောင်း ဖော်ပြထားပါသည်။

## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးမှုများရှိလာပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ(Dead Bodies)အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အထိ သေဆုံးသူစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆူပူဆန္ဒပြသူ သေဆုံးမှုအခြေအနေ


| စဉ် | တိုင်း/ပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | ၁ | | | ၁ | | |
| ၂ | ကချင် | | ၆ | | | | ၁ | |
| ၃ | ကယား | | ၁ | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | | ၂၂ | | | | ၁ | |
| ၇ | တနင်္သာရီ | | ၁၃ | | | | | |
| ၈ | ပဲခူး | ၂ | ၁၈ | ၁ | | | | |
| ၉ | မကွေး | ၁ | ၁၇ | | ၁ | | | |
| ၁၀ | မန္တလေး | ၃ | ၃၃ | | | ၁ | ၁ | |
| ၁၁ | မွန် | | ၂ | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | | ၁၁၅ | | | | ၂ | ၂ |
| ၁၄ | ရှမ်း | | ၁၅ | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၄ | | | | | |
| | စုစုပေါင်း | ၇ | [illegible] | ၀ | ၀ | ၂ | ၅ | ၂ |

[illegible]

သို့ဖြစ်ပါ၍ စုစုပေါင်းသေဆုံးသူ ၂၅၈ ဦးတွင် အတားအဆီးရှင်းလင်းစဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာမှုကြောင့် ပြန်လည်တုံ့ပြန်ရာမှ သေဆုံးသူမှာ ၂၄၇ ဦးသာရှိပြီး ကျန် ၁၁ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မိမိဘာသာ အိမ်ပေါ်မှခုန်ချရာမှ သေဆုံးခဲ့သူ ဦးဇော်မြတ်လင်း



လုံခြုံရေး တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့သူ မလျှံဖွားလီး



လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ နှလုံးရောဂါဖြင့် သေဆုံးခဲ့သူ ဒေါ်တင်နွဲ့ရီ

စာမျက်နှာ ၂၄ သို့ »»

»» စာမျက်နှာ ၂၃ မှ

လူမှုကွန်ရက်များတွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့် သေဆုံးစာရင်း ၇၂၆ ဦး စာရင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မမြသွဲ့သွဲ့ခိုင်၊ မကြယ်စင် တို့ကဲ့သို့ ဆန္ဒပြသူများအချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံးသူများ၊ ဦးဇော်မြတ်လင်းနှင့် မလျှံဇွားလီးတို့ကဲ့သို့ အခြားနည်းဖြင့် သေဆုံးသူများ၊ ဦးကိုကိုလေးနှင့် ဒေါ်တင်နွဲ့ရီတို့ကဲ့သို့သော နှလုံးရောဂါဖြင့် သေဆုံးသူများ၊ ရာဇာအောင် ကဲ့သို့ ကိုဗစ်ရောဂါဖြင့် သေဆုံးသူများနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများက အချင်းချင်းသတ်ဖြတ်မှုကြောင့် သေဆုံးသူများ ပါရှိနေသကဲ့သို့ အမှန်တကယ်သေဆုံးသည်ဟု အတည်မပြုနိုင်သောပျောက်ဆုံးနေသူများ၊ ဒဏ်ရာရရှိမှုကြောင့် တပ်မတော်ဆေးရုံများတွင် ကုသမှုခံယူနေသူများ၊ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားသူများ၊ စာရင်းများဖောင်းပွနေအောင် လိပ်စာအတု၊ နာမည်အတုများဖြင့် ဖော်ပြထားသူများပါရှိနေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့ပြင် AAPP စာရင်းထဲတွင် ပါဝင်နေသော အချို့သောသူများမှာ အမှန်တကယ် ရှိ/မရှိ အတည်ပြုစစ်ဆေးရန် နေရပ်လိပ်စာ၊ အဖအမည် ကဲ့သို့သော ခိုင်လုံသည့်အချက်အလက်များ ပါဝင်မှုမရှိခြင်း၊ သေဆုံးရသောအကြောင်းရင်း ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိသောသူများ အများအပြားပါဝင်နေခြင်း၊ မေ ၉ ရက် ပဲခူးဖြစ်စဉ်တွင် မည်သည့်အချက်မှ ဖော်ပြခြင်းမရှိဘဲ သေဆုံးသူဟု အတည်မပြုနိုင်သူ ၇၆ ဦးအဖြစ် အရေအတွက်အများအပြား ထည့်သွင်း ဖော်ပြထားခြင်းကဲ့သို့သော အချက်များကိုလည်း တွေ့ရှိရသဖြင့် စာရင်းများမှာ အဆမတန် ဖောင်းပွနေကြောင်း စိစစ်တွေ့ရှိရပါသည်။

| No. | Name | Sex | Age | Father's Name | Date of Incident | Deceased Date | Organization | Place of Incidents | Home Address | Township | States/ Regions |
|---|---|---|---|---|---|---|---|---|---|---|---|
| 2 | Mya Thwate Thwate Khaing | F | 19 | unknown | 9-Feb-21 | 19-Feb-21 | Civilian | NayPyi Taw | Hlaykhwintaung, Lower Paunglaung Hydro Power Project | Zeyathiri | NayPyiTaw Region |
| 28 | Kyal Sin Lin @ Kyar Shi | F | 19 | Daw Aye Aye Myint | 3 Mar 21 | 3-Mar-21 | Student | 84 Street and 30 Street | 15x16, 65 Road | Mandalay City | Mandalay Region |
| 60 | Zaw Myat Linn | M | 46 | U Sein Tun +Daw Sein Nyunt | 9 Mar 21 | 9-Mar-21 | NLD (Shwepyitha Township) | YGN Interrogation Center | 9/147 Myamizzu road, 25 waroad, Bokone Shay | Shwepyitha | Yangon Region |
| 275 | Zuali @ Malan Zwale | F | 35 | unknown | 21 Mar 21 | 21-Mar-21 | Civilian | Her fifth floor apartment, Mingalar Taung Nyunt | Fifth floor, Kan Taw Lay, 91 street | Mingala Taungnyunt | Yangon Region |
| 624 | 76 Unknown Name | | | Unknown Name | 9 Apr 21 | 9 Apr 21 | Civilian | Maggatic Road | | Bago | Bago Region |

သို့ဖြစ်၍ လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်နေသော AAPP အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသူများစာရင်းသည် လူမှုကွန်ရက်များတွင် ဖော်ပြနေသော အခြေအမြစ်မရှိသည့် သတင်းတုများကိုအခြေခံ၍ မှားယွင်းစွာ ဖော်ပြထားသည့်အပြင် သေဆုံးသူအရေအတွက်မှာလည်း အဆမတန် ဖောင်းပွလျက်ရှိသဖြင့် အတည်ပြုနိုင်ခြင်းမရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ ကျေးရွာချင်းဆက်မြေသားလမ်းသစ်များဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်၊ အဖွဲ့ဝင်(၅) ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းက လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းသစ်များ ဖောက်လုပ်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘားအံမြို့နယ် အုန်းတစ်ပင်ကျေးရွာအုပ်စု တောင်နားကျေးရွာမှ ကမော့ကစင်ကျေးရွာသို့ကြာအင်းတောင်နှင့် ဖွဲကပင်တောင်ကြား လမ်း ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကမော့ကစင်ကျေးရွာ ရွာတွင်း မြေသားလမ်း ဖောက်လုပ်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဥသျှစ်ကုန်း-နောင်ခလိုင် ကျေးရွာချင်းဆက်လမ်း လေးဖာလုံကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်နှင့် ကမော့ကစင်ကျေးရွာမှ သံလွင်တံတားထိပ်(ဘားအံဘက်ခြမ်း) ကိုကလယ်ဘုန်းတော်ကြီးကျောင်းရှေ့ထိ တာပေါင်ဖို့ မြေသားလမ်းဖောက်လုပ် ပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ကော့သောင်းမြို့နယ်အတွင်း လမ်း / တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကော့သောင်း မေ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ဝေးလံခေါင်ဖျား နယ်စပ်ဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ နယ်စပ်ပတ်လမ်းများ၊ ကျွန်းပတ်လမ်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကော့သောင်းခရိုင်အတွင်းရှိ ဇာဒက်ကြီး ကျွန်းပတ်လမ်း မြေသားလမ်း ၁၄ မိုင် လမ်းပိုင်းပေါ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၆၅ ဒသမ ၂၈၃ သန်းဖြင့် ကျောက်လမ်း နှစ်မိုင်ခင်းခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၃၆၈ ဒသမ ၀၄ သန်းဖြင့် ၁ မိုင် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၂၃၇ ဒသမ ၄၂၉ သန်းဖြင့် ပေ ၁၀၀ သံကူကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၁၉**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၁၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■ စာမျက်နှာ ၂၅ မှ



ဒေါက်တာယုမောင်(မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "စွမ်းအားသစ်" ဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာယုမောင်



ဒေါက်တာကျော်သူရ(မိုးကုတ်ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်းအား တွေ့ရစဉ်။




ဒေါက်တာကျော်သူရ




ဒေါက်တာသဲဝါလင်း(လက်ထောက်ဆရာဝန်၊ မော်လမြိုင် ပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "အဓိပတိ" အထွေထွေရောဂါကုဆေးခန်းအား တွေ့ရစဉ်။



ဒေါက်တာသဲဝါလင်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်

**ရွှေဘို မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ် လ.ဝ.က ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့က အသီးသီး ပို့ချသင်ကြားပေးခဲ့သည်။

အဆိုပါမွမ်းမံသင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူး ၇၂ ဦး တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာသူများ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

■



## ပျော်ဘွယ်မြို့နယ် သမဝါယမအသင်းစု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို မေ ၉ ရက် နံနက် ၉ နာရီတွင် မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းများမှ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ၂၀၂၁ ခုနှစ် မေလထုတ် သုတပဒေသာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိလူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကိုဗစ်ကာလနှင့် နည်းပညာအသုံးပြုမှု" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင်(မေလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ခုနှစ်၊ မေလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ တင်တင်ဝင်း(စာပေဗိမာန်)၊ စိုးနိုင်ထွန်း(ကနီ)တို့၏ "ကိုဗစ်ကာလနှင့် နည်းပညာအသုံးပြုမှု" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ ထင်ဇော်မှူးသင်၊ မောင်ပေါ်ထွန်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ချိုးငှက်(သံတွဲ)၊ ကျော်ရှင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အောင်မြတ်စည်သူတို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ မြသိန်း၊ ခင်မောင်ခြိမ့်၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ လင်းထက်သော်တာတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ထီလာစိုးမြင့်ထယ်၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါး၊ ရှင်စောဖြူ၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ သူဇာ၊ ရဲထက်ဇော်၊ မြသွေးခြယ်တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ရဲရင့်နဒီ၏ လူကုန်ကူးမှုဆိုင်ရာ ဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စိန်ဝင်းမော်၊ ခြယ်မှုန်းသီ၊ ကိုရင်ကျော်၊ ဒေါက်တာလွင်သန့်၊ ဆောင်းဝင်းလတ်၊ ပါမောက္ခ ဦးသိန်းလှိုင်၊ မြတ်လေးမြင့်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန် ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၃၄၆၈၁။ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊



ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မေ ၁၉**

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၄၆၆၉၂ ဦး၊ အတွင်းလူနာ ၄၂၁၆ ဦးကို ကုသပေး နိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ် ကုသရန်လိုအပ်သူ ၆၉၃၆ ဦး၊ အသေးစား ခွဲစိတ် ကုသရန်လိုအပ်သူ ၃၆၀၀ စုစုပေါင်း ၁၀၅၃၆ ဦးတို့ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာ ရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူး များဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၆၅၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၆၇၅ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၉၃၃၄ ဦးကို အောင်မြင်စွာ မွေးဖွား ပေးနိုင်ခဲ့သည်။

**ဆောင်ရွက်ပေး**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူ များ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာ များကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက် ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေ စေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မေ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၉-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၈-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်(၁၄)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၉,၈၈၃) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၆၄၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၄၀၆၇၅၃ | ၂၄၉၆၁၂၄၂ | ၅၈၁၀၆၈ |
| ၂။ | အိန္ဒိယ | ၁၅၀၆၁၉၁၉ | ၁၂၉၅၃၈၂၁ | ၁၇၈၇၉၃ |
| ၃။ | ဘရာဇီး | ၁၃၉၄၃၀၇၁ | ၁၂၃၉၁၅၉၉ | ၃၇၃၄၄၂ |
| ၄။ | ပြင်သစ် | ၅၂၈၉၅၂၆ | ၄၁၁၅၉၄၄ | ၁၀၀၇၃၃ |
| ၅။ | ရုရှား | ၄၇၁၀၆၉၀ | ၄၃၃၃၅၉၈ | ၁၀၅၉၂၈ |
| ၆။ | ဗြိတိန် | ၄၃၈၇၈၂၀ | ၄၁၅၀၅၆၈ | ၁၂၇၂၇၀ |
| ၇။ | တူရကီ | ၄၂၆၈၄၄၇ | ၃၆၈၇၅၉၀ | ၃၅၉၂၆ |
| ၈။ | အီတလီ | ၃၈၇၀၁၃၁ | ၃၂၄၈၅၉၃ | ၁၁၆၉၂၇ |
| ၉။ | စပိန် | ၃၄၀၇၂၈၃ | ၃၁၂၉၂၃၄ | ၇၆၉၈၁ |
| ၁၀။ | ဂျာမနီ | ၃၁၅၁၀၁၀ | ၂၇၈၇၂၀၀ | ၈၀၅၉၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၀၉၃၀၀ | ၁၄၆၁၄၁၄ | ၄၃၅၆၇ |
| ၂။ | ဖိလစ်ပိုင် | ၉၄၅၇၄၅ | ၇၈၈၃၂၂ | ၁၆၀၄၈ |
| ၃။ | မလေးရှား | ၃၇၇၁၃၂ | ၃၅၅၂၂၄ | ၁၃၈၆ |
| ၄။ | မြန်မာ | ၁၄၂၆၄၄ | ၁၃၁၉၀၃ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၈၅၁ | ၆၀၄၈၅ | ၃၀ |
| ၆။ | ထိုင်း | ၄၃၇၄၂ | ၂၈၇၈၇ | ၁၀၄ |
| ၇။ | ကမ္ဘောဒီးယား | ၇၀၁၃ | ၂၅၂၄ | ၄၅ |
| ၈။ | ဗီယက်နမ် | ၂၇၉၁ | ၂၄၇၅ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၂၁ | ၂၀၆ | ၃ |
| ၁၀။ | လာအို | ၅၈ | ၄၉ | ၀ |

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အများသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင် ဆွေးနွေးကြပါလေ။**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုများအား လူစုခွဲရှင်းလင်းခဲ့ပြီး ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**
နိုင်ငံတော်အတွင်း မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်းခဲ့ပြီး ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်သူများ၊ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဖမ်းဆီး၊ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



လှိုင်ကော်မြို့ နာနတ်တောရပ်ကွက်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား လူစုခွဲရှင်းလင်းစဉ်။

**သိမ်းဆည်းရမိ**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၈ ရက်တွင် ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက် နယ်မြေ (၄) (၂) လမ်းရှိ ဦးမိုးကျော်နေအိမ်၌ ၎င်း၏သားဖြစ်သူ အောင်မိုးသိန်းကို လက်လုပ်သေနတ်တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက် ကြာပန်းလမ်းဆုံ၌ ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ နိုင်သန်း(ခ) ကျော်သန်း(ဘ) ဦးမြင့်ဇော်ကို တူမီးသေနတ် တစ်လက်နှင့်လည်းကောင်း၊ ပုဗ္ဗန်တောင်မြို့နယ် (၇)ရပ်ကွက် ရေကျော်လမ်း အမှတ်(၄၉) လေးလွှာရှိ နေအိမ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ဖြင့်အရေးယူထားသည့် အလွတ်တန်း သတင်းထောက်ဖြစ်သူ ဂျပန်နိုင်ငံသား Mr.Yuki Kitazumi (ဘ) Mr. Nori Kitazumi ကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၆)ရပ်ကွက် လမ်းမတော်လမ်း၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေး အင်အား ၂၀၀ ခန့်သည် အများပြည်သူသွားလာနေသော လမ်းမကြီးကို သဲအိတ်များဖြင့်ပိတ်ဆို့ပြီး ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို သဲအိတ်ဘန်ကာ အကာအကွယ်ယူ၍ လက်လုပ်သေနတ်၊ ဂျင်ကလိ၊ လေးခွ၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများအသုံးပြုခဲ့သည့်လက်လုပ်သေနတ်တစ်လက်၊ ဂျင်ကလိ ၄၅ ချောင်း၊ လေးခွ တစ်လက်၊ လောက်စလုံး ၂၀၊ မီးစာတပ်ဆင်ထားသော မီးပုလင်း ရှစ်လုံး၊ ခဲတံဆီများထည့်ထားသည့် ကော်ပုံး တစ်ပုံးနှင့် လက်လုပ်မိုင်း ခုနစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့တွင် လယ်ဝေးမြို့နယ် ကန်သာကျေးရွာ ဥရုဝေလကျောင်းတိုက်အတွင်းရှိ ရေမြောင်းအောက်၌ လက်လုပ်လေသေနတ် ငါးလက်၊ ဆက်စပ်ပစ္စည်းများနှင့် ဓမ္မပါလကျောင်း အနီးပတ်ဝန်းကျင်၌ လက်လုပ်လေသေနတ် ၁၄ လက်၊ လက်လုပ်မိုင်း တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ကယားပြည်နယ် လှိုင်ကော်မြို့ နာနတ်တောရပ်ကွက် ဇေညီနောင်ဆီဆိုင်အနီးလမ်းမပေါ်တွင် ဆူပူအကြမ်းဖက်သူအင်အား ၇၀ ခန့်က လမ်းမကြီးကို အတားအဆီးများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေးသွားရောက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ဂျင်ကလိ၊ ခဲများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပြန်လည်ခြောက်လှန့် လူစုခွဲခဲ့ရာ နံနက် ၉ နာရီခွဲတွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

**လိုက်လံရှင်းလင်း**

အလားတူ နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၈၃ လမ်း မြို့ဟောင်းဈေးအနီးတွင် အနက်ရောင်များ ဝတ်ဆင်ထားသော ဆူပူအကြမ်းဖက်သူအင်အား ၂၀ ခန့် စုဝေးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ အဆိုပါ လူစုလူဝေးမှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနဝင်းအတွင်းသို့ ထွက်ပြေးသွားသည်ကို တွေ့ရှိရသဖြင့် လိုက်လံရှင်းလင်းခဲ့ရာ ၎င်းခြံဝင်းအတွင်းမှ ဆူပူအကြမ်းဖက်သူများ ပြင်ဆင်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး၊ မီးရှူးမီးပန်း ခုနစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါရပ်ကွက် ဈေးလမ်းထောင့်တွင် ဆူပူဆန္ဒပြသူလူစုလူဝေးအင်အား ၂၀ ခန့်သည် ဆူပူဆန္ဒပြနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ပြီး လူစုခွဲရန် ညှိနှိုင်းဖြေလျှော့မှုပြုလုပ်ခဲ့သော်လည်း အဆိုပါလူစုလူဝေးက လိုက်နာမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံးလူစုခွဲခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် (၆၅)လမ်း ၃၇ x ၃၈ လမ်းတွင် လူစုလူဝေအင်အား ၅၀ ခန့်သည် ဆိုင်ကယ် ၂၅ စီးခန့်ဖြင့် ဆူပူဆန္ဒပြရန်စုဝေးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ အင်အားသုံး လူစုခွဲခဲ့ပြီး အဆိုပါလူအုပ်စုအတွင်းမှ အမျိုးသား လေးဦး၊ အမျိုးသမီး ခုနစ်ဦးတို့ကို လက်လုပ်မိုင်း ငါးလုံး၊ ဆိုင်ကယ် ၁၀ စီးတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

**လူစုကွဲသွား**

အလားတူ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် (၃) ရပ်ကွက်နှင့် (၄) ရပ်ကွက်အကြား မြို့ရှောင်လမ်းပေါ်တွင် ဦးဆောင်သူ (စိစစ်ဆဲ) လူစုလူဝေး အင်အား ၇၀ ခန့်သည် လမ်းမကြီးပေါ်တွင် အတားအဆီးများပြုလုပ်၍ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ လေသေနတ်၊ လက်လုပ်မိုင်းများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ ဒိုင်းသုံးချပ်၊ မီးစ တပ်ဆင်ထားသည့် မီးပုလင်း ၁၅ လုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ ကျဉ်စက် တစ်ခု၊ ကျည်ကာအင်္ကျီ တစ်ထည်နှင့် ဟန်စပီကာတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆူပူအကြမ်းဖက်သူများက အပြစ်မဲ့ဒေသခံပြည်သူများကို ရိုက်နှက်သတ်ဖြတ်မှုများ လုပ်ဆောင်

**နေပြည်တော် မေ ၁၉**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် မြင်းချိုင့်ကွက်သစ်ရပ် မြို့ပြသီရိလမ်းနေ စစ်မှုထမ်းဟောင်းအငြိမ်းစားတစ်ဦးဖြစ်သူ ဦးဟန်အေး(ဘ) ဦးတင်အေး၏ နေအိမ်ကို မေ ၁၈ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ဆူပူအကြမ်းဖက်သူ ၂၀ ခန့်က အိမ်တံခါးများ ချိုးဖျက်ဝင်ရောက်၍ နေအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများကို ရိုက်ချိုးဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးဟန်အေးကို ၎င်းနေအိမ်၌ တွေ့ရှိရခြင်းမရှိဘဲ ဦးလေးဖြစ်သူ ဦးသိန်းဟန်(ဘ) ဦးအောင်မြတ်သည် ဆူပူအကြမ်းဖက်သူများ၏ ရိုက်နှက်မှုကြောင့် ရရှိဒဏ်ရာများဖြင့် နေရာ၌ပင် သေဆုံးလျက်ရှိပြီး နေလင်းမောင် (ဘ)ဦးဝဲ ဆိုသူသည် ရရှိဒဏ်ရာများဖြင့် သတိလစ်မေ့မျောနေသည်ကို တွေ့ရှိရသဖြင့် ပခုက္ကူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေခဲ့ကြောင်း။

ဆက်လက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ယင်းနေအိမ်တစ်ဝိုက်ကို လိုက်လံရှာဖွေစစ်ဆေးခဲ့ရာ ဦးဟန်အေးကို ဆူပူအကြမ်းဖက်သူများ၏ ရိုက်နှက်ဒဏ်ရာများဖြင့် နေအိမ်အနောက်ဘက်၌ ပြန်လည်တွေ့ရှိခဲ့ပြီး ၎င်းနှင့် ဇနီးဖြစ်သူတို့ကို လုံခြုံသောနေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အပြစ်မဲ့ဒေသခံပြည်သူများအား အကြောင်းမဲ့ ရိုက်နှက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည်ဟု ယူဆရသူ အမျိုးသား ၁၆ ဦးကို ပခုက္ကူမြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု နယ်မြေအတွင်းသို့ သွားရောက်မည့်လူငယ် သုံးဦးကို ထိန်းသိမ်း

**နေပြည်တော် မေ ၁၉**
အကြမ်းဖက်ဆန္ဒပြရာတွင်ပါဝင်သော လူငယ်များအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုနှင့်ချိတ်ဆက်၍ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည်ဖြစ်ကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများ အထူးကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။


ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဖယ်ခုံမြို့ ကုန်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရန်ကုန်-လွိုင်ကော် ပြေးဆွဲလျက်ရှိသည့် မျိုးဆက်သစ်မှန်လုံယာဉ် ယာဉ်အမှတ်၊ YGN/ 4Q---ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ ရန်ကင်းမြို့နေသူ သုံးဦးဖြစ်သည့် စွမ်းထက်လှိုင်သော် (၂၀)နှစ် (ဘ) ဦးကျင်ထွေး၊ ဘုန်းမြတ်ဝင်း (၂၁)နှစ်(ဘ)ဦးရဲဝင်းနှင့် မျိုးနန္ဒ(ခ) ကျော်စည်သူ (၂၃)နှစ်(ဘ) ဦးမျိုးကျော်တို့ကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း နယ်မြေများအတွင်းသို့ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်ကြမည့်သူများဖြစ်ကြောင်း သိရှိရသဖြင့် အချိန်မီ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။


အဆိုပါဖမ်းဆီးထိန်းသိမ်းထားသူများကို သက်ဆိုင်ရာ ရဲစခန်း၌ တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ခေတ်သစ်နယ်ချဲ့အလိုကျ ရှုးရှုးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူ တဲ့ လူငယ်တွေ။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် ဒေသတိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ သာသနာ့ဗိမာန်တော်ဖုံး ရုပ်ပွားဆင်းတုတော်ဖုံး မြန်မာ့ရိုးရာတည်ဖုံများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၃၉၃၀၈၅၉၀၀၊ ၀၃၆-၃၁၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၇၄၈၊ ၀၉-၂၅၅၈၂၅၂၈

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘုမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း - ၀၉-၄၃၀၁၉၁၆၂၊ ၀၉-၄၃၀၂၇၃၃၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉-၄၂၀၁၁၄၀၀၅၊ ၀၉-၄၃၀၁၃၆၀၁၀၊ ၀၉-၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉-၅၁၆၆၅၄၃၊ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၂၀၁၃၆၉၆၀
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း - ၀၉-၂၀၅၁၆၈၃၊ ၀၉-၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း - ၀၉-၂၅၄၄၃၆၆၃၀၊ ၀၉-၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း - ၀၉-၂၅၀၂၀၄၆၅၁၊ ၀၉-၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း - ၀၉-၆၈၇၉၀၂၇၀၇၊ ၀၉-၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း - ၀၉-၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း - ၀၉-၅၂၁၉၄၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း - ၀၉-၉၇၅၃၂၀၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း - ၀၉-၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း - ၀၉-၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း - ၀၉-၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း - ၀၉-၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့် ပေးပို့၍လည်း ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

တစ်လအတွင်း မြန်မာ့အလင်း ကျပ်(၅၀)သိန်း၊ ကြေးမုံ ကျပ် (၇၅)သိန်းနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ



# ရန်ကုန်မြို့တွင်း စိမ်းလန်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း စိမ်းလန်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းသို့ ရောက်ရှိပြီး ရေစီးရေလာစီမံခန့်ခွဲမှုဌာနက ဆောင်ရွက်နေသော အောင်သိဒ္ဓိချောင်းအမှိုက်များ ဆယ်ယူနေမှုလုပ်ငန်းကို စစ်ဆေး၍ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ကြေးမုံ ယနေ့ ဖတ်စရာ

**တစ်လကြာရင်**
**ပြန်လာမတဲ့လား မစာဥရယ်**
ကိုသံချောင်း – မစာဥ
တစ်ခန်းရပ်စကားပြောခန်း (၁၄)
စာမျက်နှာ » ၁၆

**ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် မှန်ကန်မှုမရှိသည့် သေဆုံးမှုစာရင်းများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၂၂

**နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်**
စာမျက်နှာ » ၂၅

# စပါးအသင်းက နည်းပြမော်ရင်ဟိုအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်

စပါးအသင်းဟာ နည်းပြမော်ရင်ဟိုကို ၁၇ လကြာ အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။ နည်းပြမော်ရင်ဟိုဟာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက စပါးအသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက စပါးအသင်းကို ပရီမီယာလိဂ်အဆင့် ၆ နေရာရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒါပေမယ့် နည်းပြမော်ရင်ဟိုရဲ့ စပါးအသင်းဟာ လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ ရမှတ်နှစ်မှတ်သာရရှိခဲ့ကာ အမှတ်ပေးဇယားအဆင့် ၇ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ စပါးအသင်းဟာ မေ ၂၅ ရက်မှာတော့ ကာရာဘောင်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး စပါးအသင်းအနေနဲ့ နည်းပြမော်ရင်ဟိုကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တဲ့အပြင် မော်ရင်ဟိုရဲ့ နည်းပြအဖွဲ့ဝင်တွေဖြစ်တဲ့ ဆာကရာမန်တို၊ နူနိုဆန်းတို့စ်၊ ကားလို့စ်လာလင်နဲ့ ဂျီယိုဗန်နီကာရာတို့ကိုလည်း ထုတ်ပယ်ခဲ့တယ်လို့ သိရပါတယ်။

**စာမျက်နှာ ၂၉ ကော်လံ ၁ သို့**





# အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)အား အကြီးစားပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)အား အကြီးစားပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိရာ လာမည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**နှစ်ပေါင်း ၃၀ ကျော်သက်တမ်းရှိ**

သဃ်န်းကျွန်းမြို့နယ်၌ တည်ရှိသည့် အဆိုပါ အားကစားရုံမှာ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဆောက်အအုံတစ်ခုဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ငွေကြေးဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၃ ခုနှစ်က ဆောက်လုပ်ခဲ့သော အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏအား ယခင်မူလတည်ဆောက်ခဲ့စဉ်က ငွေကျပ်သန်းပေါင်း ၃၁၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ရာ ယခုအခါနှစ်ပေါင်း ၃၀ ကျော်ကြာ သက်တမ်းရှိနေပြီဖြစ်ကြောင်း၊ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ အဲကွန်းစနစ်များ၊ ရေ၊ မီးနှင့် မိလ္လာစနစ်များပျက်စီးလာပြီး ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံအမိုးများ ပျက်စီးမှုများလည်းရှိခဲ့ကြောင်းလည်း သိရသည်။

လက်ရှိအကြီးစားပြုပြင်ဆောင်ရွက်မှုကို တရုတ်-မြန်မာနှစ်နိုင်ငံ အားကစားပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ယွမ်ငွေသန်း ၂၂၀ အကုန်အကျခံကာ ပြုပြင်မွမ်းမံဆောင်ရွက်နေခြင်းဖြစ်ရာ ပြန်လည်မွမ်းမံမှုစတင်ခြင်းအခမ်းအနားကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၁ ရက်က ယင်းအဆောက်အအုံ၌ပင် ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ နိုင်ငံ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ပြိုင်ပွဲများ၊ လေ့ကျင့်မှုများနှင့် နိုင်ငံတကာပြိုင်ပွဲများကို နှစ်ပေါင်းများစွာ ကျင်းပပေးနိုင်ခဲ့ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**စိုးမြင့်အောင်**